# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်    ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ တနင်္ဂနွေနေ့    အတွဲ(၆၅)၊ အမှတ်(၃၂၂)


## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသောအပူပိုင်းမုန်တိုင်းငယ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၂**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် Double Tree by Hilton ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာ့အာကာသ အေဂျင်စီအမှုဆောင်အရာရှိချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ကရင်ပြည်နယ် ရသေ့ပျံဂူနှင့် အလဝံအင်းခရီးစဉ်ဒေသ ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိ

**ဘားအံ ဩဂုတ် ၂၂**

ကရင်ပြည်နယ်အတွင်း ခရီးစဉ်ဒေသအသစ်များ ထပ်မံဖော်ထုတ်၍ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော ခရီးစဉ်ဒေသများဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရသေ့ပျံကျေးရွာ၊ ရသေ့ပျံဂူနှင့် အလဝံအင်းသည် မြို့ပြရှုပ်ထွေးမှုများနှင့်ကင်းဝေးသော အေးချမ်းသည့် ပတ်ဝန်းကျင်ဒေသဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ◆



## စစ်တွေမြို့ Kyaw San ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ပြန်လည်ဖွင့်လှစ်၍ ပြည်သူများသို့ ရောင်းချပေးလျက်ရှိ



**စစ်တွေ ဩဂုတ် ၂၂**

စစ်တွေမြို့ရှိ Kyaw San ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ယနေ့ နံနက်ပိုင်းမှ စတင်၍ ပြန်လည်ဖွင့်လှစ်ကာ ဒေသခံပြည်သူများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အရောင်းဆိုင်သို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာန

*စာမျက်နှာ ၃ ကော်လံ ၃* ❐


### ယနေ့ ဖတ် စ ရာ

တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ — ဆောင်းပါး — စာ ၈

တရုတ်-အင်ဒိုနီးရှား ပထမဆုံး ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးပွဲကျင်းပ — နိုင်ငံတကာသတင်း — စာ ၁၄

မြန်မာ့အလင်း

## သားကောင်းရတနာတို့ ပေါ်ထွန်းလာရေး

အနာဂတ်ကာလတွင် နိုင်ငံတော်တည်ဆောက်ရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို တာဝန်ယူသွားကြရမည့်သူများမှာ ယနေ့လူငယ်များဖြစ်သည်။ လူငယ်ဆိုသည်မှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိသူများဖြစ်သည်ဟု ကုလသမဂ္ဂက အဓိပ္ပာယ်ဖွင့်ဆိုထားပြီး မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒတွင် အဓိပ္ပာယ်ဖွင့်ဆိုမှုအရ ဆိုလျှင် လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကိုဆိုလိုသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် လူငယ်ဦးရေ ၁၇ သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်ရာ လူငယ်အင်အားများပြားသည့် လူဦးရေဆုလာဘ်ကို ရရှိထားခြင်းဖြစ်သည်။ အရေအတွက်အားဖြင့် နိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်သော်လည်း လူငယ်ထုအတွင်း ပညာရေးဆိုင်ရာအားနည်းချက် ဖြစ်ပေါ်လျက်ရှိနေသည်။ အရေအတွက်များပြားသည့် လူငယ်ထုတွင် အရည်အသွေးအရ အားနည်းနိမ့်ကျနေရခြင်းသည် ပညာသင်ယူမှုနှင့် သက်ဆိုင်နေသည်။ လူငယ်ထုအတွင်း ပညာကို ဆုံးခန်းတိုင်အောင် သင်ယူလိုသည့်ဆန္ဒနည်းပါးခြင်း သို့မဟုတ် အဆင့်မြင့်ပညာတတ်မြောက်သည်အထိမသင်ယူဘဲ အခြေခံပညာတစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်၍ ဝင်ငွေရသည့်အလုပ်များလုပ်ကိုင်ကြခြင်းက နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကို နိမ့်ကျအားနည်းစေသည်။

အခြေခံပညာမူလတန်း၊ အလယ်တန်းမှလောက်နှင့် ကျောင်းထွက်သွားကြသည့် လူငယ်များအနေနှင့်လည်း ရေရှည်တွင် ဘဝအတွက် အာမခံချက်ရှိမည့် အလုပ်အကိုင်မျိုးကိုရရှိရန်မှာ လွန်စွာခဲယဉ်းမည်ဖြစ်သည်။ ပညာရေးအားနည်းသည့် လူငယ်များနှင့် ပတ်သက်၍ "ထိုကဲ့သို့ အားနည်းချက်များကြောင့် ဘဝအာမခံချက်ရှိသည့် အလုပ်အကိုင်ရရှိမှုအားနည်းခြင်း၊ ပုံမှန်လုပ်ခလစာ မရရှိသည့်အလုပ် (Informal Sectors) များတွင် အများစုလုပ်ကိုင်နေရခြင်း၊ ကျောင်းသင်ပညာရေးနှင့် အလုပ်အကိုင်ကိုက်ညီမှုအားနည်းခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုဂေဟစနစ်အားနည်းခြင်းစသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာ၊ အွန်လိုင်းလောင်းကစား၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများ၊ စိတ်ကျန်းမာရေးပြဿနာများစသည့် လူမှုရေးဆိုင်ရာစိန်ခေါ်မှုများအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု (Civic Engagement) နည်းပါးခြင်း၊ ပရဟိတလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ရင်းစေတနာဖြင့် လုပ်ကိုင်ကြသည်မှန်သော်လည်း စည်းစနစ်တကျဆောင်ရွက်နိုင်မှုအားနည်းခြင်းစသည့် အမျိုးသားရေးစိတ်ဓာတ် ဖွံ့ဖြိုးရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်း မိမိတို့နိုင်ငံတွင် တွေ့ကြုံနေရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း" ဟူ၍ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

ဆင်းရဲနွမ်းပါးမှုနှင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် ပညာသင်ယူလိုသည့် ဆန္ဒနည်းပါးမှုနှင့် လူငယ်များရင်ဆိုင်တွေ့ကြုံနေကြရသည့် ကျယ်ပြန့်များပြားလှစွာသော စိန်ခေါ်မှုများကို လူငယ်များ၏ဘဝနှင့် ပတ်ဝန်းကျင်တို့မှ ရှင်းလင်းဖယ်ရှားပေးရန်မှာ လုပ်ကိုင်ဆောင်ရွက်ကြရမည့် လုပ်ငန်းဆောင်တာများ လွန်စွာများပြားလှမည်ဖြစ်သည်။

"မိမိအနေဖြင့် လူငယ်များသည် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသယံဇာတများဖြစ်သည်ဟုခံယူထားပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများပေါ်ထွန်းလာစေရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် 'စွမ်းရည်ပြည့်ဝသော လူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ်' (Empowered Youth, Strong Nation, Shared Future) ဆိုသည့်ဆောင်ပုဒ်ကို ချမှတ်ထားပြီး အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးရေးမူဝါဒ မူဘောင်တစ်ရပ်ရေးဆွဲကာ မဟာဗျူဟာများ၊ ရေတို/ရေရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း" ဟူ၍လည်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

ယခုအခါ အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအလေးထား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်း၍ လူငယ်ရေးရာကိစ္စများကို ကဏ္ဍပေါင်းစုံမှ စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။ လူငယ်များ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် စာရိတ္တကောင်းမွန်ရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေး၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာ၊ နည်းပညာများသင်ယူနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နိုးကြားရေး စသည်ဖြင့် လူငယ်များ၏အနာဂတ်နှင့် နိုင်ငံတော်၏အနာဂတ်အတွက် သားကောင်းသမီးကောင်းရတနာများပေါ်ထွန်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားလုံးပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

### ၂၂ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

### လေရှီးမြို့အနီး၌ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၂

ယနေ့နံနက် ၁၀နာရီ၊ ၀၄မိနစ်၊ ၀၈ စက္ကန့်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၁၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လေရှီးမြို့၏ အရှေ့-အရှေ့တောင်ဘက် (၄၁) မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၃၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၀ ဒီဂရီ၊ အနက် ၇၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

မိုး/ဇလ

### မိုးတိမ်တောင်ရွေ့လျားရာတစ်လျှောက် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်းခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၅၇၅ | ၃၇၃၀ | ၃၆၈၅ | ၃၅၉၅ | ၃၇၃၅ | ၃၇၅၀ | ၃၇၈၅ | ၃၆၆၅ | ၄၀၃၀ | ၄၀၆၀ | ၃၆၈၅ | ၃၈၂၀ | ၃၇၇၅ | ၃၇၃၀ | ၃၇၄၅ | ၃၉၇၀ |
| 95 Ron | ၃၆၉၀ | ၃၈၅၀ | ၃၈၀၀ | ၃၇၃၀ | ၃၈၅၀ | ၃၈၆၅ | ၃၉၀၀ | ၃၇၈၀ | ၄၁၄၅ | ၄၁၇၅ | ၃၈၀၀ | ၃၉၄၀ | ၃၈၉၀ | ၃၈၄၅ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၄၀၇၀ | ၄၂၂၀ | ၄၁၇၅ | ၄၀၈၅ | ၄၂၂၅ | ၄၂၄၀ | ၄၂၇၀ | ၄၁၅၅ | - | ၄၅၃၅ | ၄၁၇၅ | ၄၆၉၀ | ၄၂၆၀ | ၄၂၂၀ | ၄၂၃၀ | ၄၄၅၀ |
| HSD (50 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | ၅၃၇၅ | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |
| HSD (10 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၃၈၄ | ၃၄၈၅ |
| 95 Ron | ၃၄၉၅ | ၃၅၉၉ |
| HSD (500 ppm) | ၃၈၇၆ | ၃၉၈၃ |
| HSD (50 ppm) | ၄၆၈၇ | ၄၈၁၀ |
| HSD (10 ppm) | ၄၆၈၇ | ၄၈၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❖ *ရွှေဖုံးမှ*

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီး နောက်ပိုင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် အလှမ်းကွာဝေးသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ယခင်နိုင်ငံ့အကြီးအကဲများက အမြော်အမြင်ကောင်းမွန်စွာဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံရေးကို စတင်တည်ထောင်ခဲ့ပြီး မိမိအနေဖြင့် နိုင်ငံတော် တာဝန်ထမ်းဆောင်ချိန်တွင် နှစ်နိုင်ငံအကြား ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကာ ယခုအခါ မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု မြှင့်တင်ခြင်းအဖြစ် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီ ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် မိမိတို့နိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံ တစ်နိုင်ငံပင်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ဘယ်လာရုစ် နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများဖြင့် အောင်မြင်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ တစ်နိုင်ငံဖြစ်သကဲ့သို့ သိပ္ပံနှင့်နည်းပညာများလည်း များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုး မွေးမြူရေးကဏ္ဍ တိုးတက်စေရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**များစွာအကျိုးဖြစ်ထွန်း**

ဘယ်လာရုစ် နိုင်ငံတွင် လယ်ယာ စက်မှုလုပ်ငန်းများ တိုးတက်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်စွာ ဆောင်ရွက်ပြီး ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်ခု ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိချိန်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်မြင်တွေ့ရှိခဲ့ရကြောင်း၊ ဘယ်လာရုစ်သမ္မတ နိုင်ငံနှင့် ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

**❂ မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အောင်မြင်စေရေးအတွက် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ကြိုးပမ်းဆောင်ရွက်**

ဘယ်လာရုစ် နိုင်ငံနှင့် ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြ မြေပုံ (၂၀၂၆–၂၀၂၈) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အောင်မြင်စေရေးအတွက် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများ အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ ပညာရေး သင်ကြားရေးသည်လည်း အဆင့်မီသည့် ပညာရေးစနစ်တစ်ခုဖြစ်သည်ကို တွေ့ရှိရပြီး မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာမှ သင်တန်းသားများလည်း လာရောက်၍ ပညာများဆည်းပူးလျက်ရှိသည်ကို သိရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာသင်ကြားရသည့် ဘာသာရပ်များအား မိမိတို့နိုင်ငံ၏ အကျိုးအတွက် ပြန်လည်အသုံးချနိုင်ရေး စနစ်တကျသင်ယူကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံနှင့်အလှမ်းကွာဝေးပြီး ရာသီဥတုဆိုးရွားသည့် နိုင်ငံတစ်ခုတွင် ငွေကြေးနှင့်အချိန်များပေးဆပ်၍ သင်ကြားနေကြရခြင်းဖြစ်သဖြင့် စနစ်တကျသင်ယူပြီး နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ကဲ့သို့ အာရှနိုင်ငံများမှ လာရောက် သင်ကြားလျက်ရှိသည့် နိုင်ငံသားများနှင့် ပေါင်းသင်းဆက်ဆံမှုများ ကောင်းမွန်အောင် ဆောင်ရွက်ပြီး မိမိတို့နိုင်ငံ၏ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်လျှောက်လှမ်းနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိမိတို့ နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို မိမိတို့ကိုယ်တိုင် သိရှိအောင် လေ့လာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ မသိရှိသေးသူများကိုလည်း သိရှိစေရေး တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့၏ အတွေ့အကြုံနှင့် တိုင်းပြည်၏အခြေအနေအပေါ် မူတည်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပတွင် နေထိုင်စဉ်အတွင်း တိုင်းပြည်မျက်နှာမပျက်အောင် နေထိုင်ဆောင်ရွက်ရန်၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရေးအပိုင်းတွင်လည်း တစ်ဦးချင်းအတွက် အကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားများကို လေ့လာရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်မီနည်းပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာနေကြရန် လိုကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် ရာသီဥတုဆိုးရွားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် တစ်ဦးချင်း၏ ကျန်းမာရေးကို ဂရုစိုက်ကြရန်နှင့် ကျန်းမာရေးကို အထောက်အကူပြုစေမည့် ကိုယ်လက်လှုပ်ရှား အားကစားများကို လုပ်ဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီးနှင့် သင်တန်းသားများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News

---

❋ *ရွှေဖုံးမှ*

ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်–

(က) ကာကွယ်ရေးဝန်ကြီးဌာန ၀၆၇၃၄၀၄၆၃၄၊
၀၆၇၃၄၀၄၆၃၅ ။
( ခ ) စစ်ရေးချုပ်ရုံး ၀၃၆၃၁၃၄၇ ။
( ဂ ) အလုပ်သမားဝန်ကြီးဌာန ၀၆၇၃၄၃၀၁၈၁၊
၀၆၇၃၄၃၀၁၈၂ ။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

---

◆ *ရွှေဖုံးမှ*

အဆိုပါ ဘားအံမြို့နယ် ရသေ့ပုံကျေးရွာအနီးရှိ ရသေ့ပုံဂူနှင့် အလဝံအင်းခရီးစဉ်ဒေသကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကြည့်ရှုစစ်ဆေးပြီး ခရီးစဉ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဧည့်သည်များ အင်းရေပြင်ပေါ်တွင် ဝါးဖောင်ဖြင့် အလည်အပတ်သွားရောက် ဓာတ်ပုံရိုက်ကူးနိုင်ရေး၊ ဒေသထွက်ကုန်၊ အစားအစာနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ စနစ်တကျဖြစ်စေရေး၊ အလဝံအင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပစေရန်အတွက် ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

အလားတူ ဘားအံမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့အင်္ဂါရပ်များနှင့်အညီ Green City, Clean City ဖြစ်စေရေး ရွှေဘိုကျောင်းပရိယတ္တိစာသင်တိုက်နှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)တို့တွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

❒ *ရွှေဖုံးမှ*

ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့၌ လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ ကာလအတန်ကြာ ဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိဘဲရှိနေခဲ့ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်ပံ့ပိုးမှုဖြင့် ပြည်သူများနှင့်ဌာနဆိုင်ရာများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရေး Kyaw San ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်ကို စတင်ဖွင့်လှစ်ရောင်းချလျက်ရှိရာသို့ သွားရောက်ကြည့်ရှုအားပေးပြီး စက်သုံးဆီလာရောက် ဝယ်ယူကြသည့်ပြည်သူများနှင့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် မြဝတီဘဏ် (စစ်တွေဘဏ်ခွဲ) ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ ပြည်နယ်ဝန်ကြီးချုပ်က ဘဏ်လုပ်ငန်းများ အမြန်ဆုံး စတင်နိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **တင်ထွန်း(ပြန်/ဆက်)**

---

**တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ**

နေပြည်တော် ဩဂုတ် ၂၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ် သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သို့ ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich နှင့် ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့သို့ ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား အမျိုးသမီးငယ် နှစ်ဦးက တူဗားပြည်နယ်၏ ယဉ်ကျေးမှုတစ်ခုဖြစ်သော တူဗားပြည်နယ်သို့ လာရောက်သည့် ဧည့်သည်တော်များကို နက်ရှိုင်းသောလေးစားမှုနှင့် ဂုဏ်ပြုမှုကို ဖော်ပြသည့် အထိမ်းအမှတ်ပဝါများကို ခြုံလွှမ်းပေးပြီး လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

## မြန်မာ-တရုတ်အကောက်ခွန်ဌာနများအကြား အကောက်ခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၂၂**


တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒလျန်မြို့၌ ၂၀၂၆ ခုနှစ် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အကောက်ခွန်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (APEC Customs Business Dialogue) ကို ဩဂုတ် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ အကောက်ခွန် ဌာနများအကြား အကောက်ခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကူအညီပေးရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဦးစွာ ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့၏ ဝန်ကြီး H. E. SUN Meijun က အမှာစကား ပြောကြားခဲ့ပြီး ဒုတိယဝန်ကြီး Mr. Zhang Baofeng က သဘာပတိအဖြစ်ဆောင်ရွက်၍ ဆွေးနွေးပွဲ ပထမနေ့ နံနက်ပိုင်းတွင် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုမြှင့်တင်ရေး၊ ခေတ်မီအကောက်ခွန် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှု တည်ဆောက်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊အစားအသောက်ဘေးကင်းလုံခြုံမှုနှင့် ထောက်ပံ့ပို့ဆောင်မှု၊ ကွင်းဆက်ချိတ်ဆက်မှု ခိုင်မာစေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့်အဖွဲ့သည် တရုတ်အကောက်ခွန်မှ ဒုတိယဝန်ကြီးနှင့်အဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် စွမ်းဆောင်ရည်ပျိုးထောင်တည်ဆောက်မှု တိုးမြှင့်ရေး၊ မြန်မာ-တရုတ် နယ်စပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် အာရှ-ပစိဖိတ်ဒေသတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်မည့် AI နည်းပညာနှင့် ဒီဂျစ်တယ်စနစ် ပြောင်းလဲခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ၏ တည်ငြိမ်မှု၊ ကြံ့ကြံ့ခံနိုင်မှုနှင့် ကြိုတင်ခန့်မှန်းနိုင်စွမ်းတို့ကို မြှင့်တင်ခြင်း ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲသို့ APEC အဖွဲ့ဝင်နိုင်ငံများမှ အကောက်ခွန်၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးကဏ္ဍများမှ အစိုးရအရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ပညာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် တူဗားပြည်နယ် အစိုးရအဖွဲ့ အိမ်တော်သို့ရောက်ရှိရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာကာရာ-အိုးလ် ရှော်ဘန်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်တွေ့ဆုံပွဲကိုကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တူဗားပြည်နယ် အကြီးအကဲနှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ တူဗားပြည်နယ် အကြီးအကဲက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး တူဗားပြည်နယ်၏သမိုင်းကြောင်းဆိုင်ရာများနှင့် ဒေသဆိုင်ရာ အချက်အလက်များ၊ တူဗားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး မြန်မာနိုင်ငံနှင့် ကိုးကွယ်ယုံကြည်မှုများ တူညီလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ်၏ သမိုင်းကြောင်း၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် တူဗားပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သည့် တောတောင်ရှုခင်းများကို မြင်တွေ့ရသဖြင့် မိမိတို့၏ စိတ်နှလုံးကို ချမ်းမြေ့စေကြောင်း ပြောကြားပြီး မြန်မာ - ရုရှား နှစ်နိုင်ငံသည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံများ ဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများ ရှည်လျား ကောင်းမွန်လျက်ရှိမှုနှင့် ယခုအခါချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိလျက်ရှိမှု၊ နှစ်နိုင်ငံ ဗဟိုအစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံမှ ပြည်နယ်များအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့် ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများ ထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်ကာ မိမိတို့နိုင်ငံသည်လည်း မြေပေါ်မြေအောက် သယံဇာတများ ပေါများစွာထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းရှိမှု၊ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့်နိုင်ငံဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာများဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန် မြှင့်တင်ဆောင်ရွက်နိုင်မှု၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ပြန်လည် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ်အကြီးအကဲတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ပြည်နယ် ရိုးရာယဉ်ကျေးမှု တေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ် အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။



တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ပြည်နယ်ရိုးရာယဉ်ကျေးမှု တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေစဉ်။




ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပစဉ်။

# နိုင်ငံတော်သမ္မတ၏ ဇနီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂** ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ သီလရှင် စာသင်တိုက်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်များကြွရောက်ကြပြီး ဒုတိယ သမ္မတ(၁) ၏ဇနီး ဒေါ်စမ်းစမ်း အေး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဇနီးများ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၏ ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ဇနီးများ၊ ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ၏ ဇနီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၏ ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့၏ ဇနီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက် ကြသည်။

အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ဖွင့်လှစ်ပြီး သာသနာ့ နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်များက သရဏဂုံ သုံးပါးပါဠိနှင့် မေတ္တာပို့လင်္ကာ နှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများ ပူဇော်ကြ သည်။

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများက အလှူ ရှင်များအား မေတ္တာပို့လင်္ကာများ ရွတ်ဆို၍ ဆုတောင်းမေတ္တာပို့သ ကြသည်။

ဆက်လက်၍ နိုင်ငံတော် သမ္မတ၏ဇနီးသည် ပုဗ္ဗသီရိ မြို့နယ်ရှိ ပြင်ကြီးသာသနာ့ ဝေပုလ္လ သီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒမာနီနှင့် ချမ်းမြေ့ဂုဏ်ဝေ သီလရှင်ကျောင်း၊ အမရာဝတီ ပညာရေးစင်တာမှ ဒေါက်တာ ဒေါ်ဆေကဝတီတို့ထံ ဆွမ်းဆန် တော်နှင့် အသုံးအဆောင်ပစ္စည်း များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ(၁) ၏ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဇနီးများ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၏ ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ဇနီးများနှင့် တက်ရောက်လာကြသူများသည် သာသနာ့နွယ်ဝင် သီလရှင်ကြီး များ၊ သီလရှင်စာသင်တိုက်များ နှင့် သီလရှင်ကျောင်းများမှ သီလ ရှင်များထံ ဆွမ်းဆန်တော် နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သမ္မတ၏ဇနီးနှင့် တက်ရောက် လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် အလှူဒါန မြတ်ဘာဂကို ၃၁ ဘုံသားတို့အား မေတ္တာပြု၍ ကုသိုလ်ပြုအမျှ ပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုနယ်မြေ နေပြည် တော်အတွင်းရှိ သီလရှင်စာသင် တိုက်များနှင့် သီလရှင်ကျောင်း ၆၄ ကျောင်းတို့မှ သီလရှင် ၁၄၇၄ ပါးတို့အတွက် ဆွမ်းဆန်တော် နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းငွေ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၆၂၇၃၄၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ သာသနာ့နွယ်ဝင် သီလရှင်ကြီးတစ်ပါးထံ အသုံးအဆောင် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ(၁) ၏ဇနီး ဒေါ်စမ်းစမ်းအေး သာသနာ့နွယ်ဝင်သီလရှင်ကြီးတစ်ပါးထံ အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး သာသနာ့နွယ်ဝင်သီလရှင်ကြီးတစ်ပါးထံ အသုံး အဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး သာသနာ့နွယ်ဝင် သီလရှင်ကြီးတစ်ပါးထံ အသုံး အဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး သာသနာ့နွယ်ဝင် သီလရှင်ကြီးတစ်ပါးထံ အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

◆ *ကျောဖုံးမှ*

အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အချက်အပြုတ်ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “စားဖွယ်စုံလင် ပြည်တစ်ခွင်” သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်၊ မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးတွင် အဖွင့်အမှာစကားပြောကြားရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**မြန်မာ့ရိုးရာ အစားအစာများကို ကမ္ဘာကသိအောင် ဆောင်ရွက်**

နိုင်ငံတကာခရီးသွားလုပ်ငန်းနယ်ပယ်တွင် အစားအသောက်နှင့် ပတ်သက်သည့် ခရီးသွားလုပ်ငန်းပုံစံများ ရေပန်းစားလာခြင်းနှင့်အတူ တိုင်းရင်းသားပေါင်းစုံတို့ စုစည်းနေထိုင်ကြသည့် မိမိတို့နိုင်ငံတွင်လည်း ဒေသအလိုက်၊ လူမျိုးအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုများရှိသကဲ့သို့ ထူးခြားပြီး ဆွဲဆောင်မှုရှိသည့် အစားအစာပုံစံမျိုးစုံလည်း ရှိနေပါကြောင်း၊ ယင်းသည် ယနေ့နိုင်ငံတကာတွင် ခေတ်စားနေသည့် Gastronomy Tourism ကို မိမိတို့နိုင်ငံ၌ ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများ များစွာရှိနေသည်ဟု ဆိုနိုင်ပါကြောင်း၊ ယခုလို မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲများ စီစဉ်ကျင်းပခြင်းသည် မြန်မာတို့၏ ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်အပြင် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာကသိအောင် မြှင့်တင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလို အစီအစဉ်များကိုလုပ်သင့်လုပ်ထိုက်သည့်နေရာများတွင် နှစ်စဉ်ကျင်းပပြုလုပ်နိုင်ရန် အစီအမံများ စနစ်တကျပြင်ဆင်ပြီး နောင်နှစ်များတွင် နိုင်ငံတကာခရီးသွားများကိုပါ ဖိတ်ခေါ်နိုင်သည်အထိ ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့မန္တလေးမြို့၌ ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့် ပြပွဲသည် ရန်ကုန်တွင်ပြုလုပ်ခဲ့သည့် ပွဲ၏အောင်မြင်မှုကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ပြီး အထက်မြန်မာဒေသ၏ ထူးခြားသည့် ရိုးရာဟင်းလျာများ၊ ဒေသထွက်ကုန်များနှင့် ခေတ်မီအချက်အပြုတ်ဖန်တီးမှုများကို ပိုမိုကျယ်ပြန့်စွာ ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း၊ ယဉ်ကျေးမှု အမွေအနှစ်များ ကိန်းဝပ်တည်ရှိရာ မြန်မာ့အနုပညာနှင့် လက်မှုပညာတို့၏ ဗဟိုချက်မဖြစ်သည့် ယဉ်ကျေးမှုမြို့တော်မန္တလေး၌ ဒုတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် စီစဉ်ဆောင်ရွက်သည့်ဝန်ကြီးဌာနနှင့်အတူ ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုနှင့် ပြခန်းများအား ကြည့်ရှုအားပေးစဉ်။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်စားဖိုမှူးများ၊ အချက်အပြုတ် ဝါသနာရှင်များနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ရိုးရာအစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပါဝင်ဆောင်ရွက်ပေးသည့် အတွက် အထူးပင်ချီးကျူးဂုဏ်ပြုပါကြောင်း၊ မြန်မာ့ရိုးရာ အစားအစာများကို အနုပညာမြောက်စွာဖြင့် အရသာရှိရှိ တီထွင်ဆန်းသစ်ချက်ပြုတ်ခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာယဉ်ကျေးမှုကို ကမ္ဘာကသိအောင် မီးမောင်းထိုးပြနိုင်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်သည့်အခါတွင် မူလရိုးရာအရသာ မပျောက်ပျက်စေရေး၊ ခေတ်မီဆန်းသစ်သည့် ပြသပြင်ဆင်မှုရှိစေရေး၊ သန့်ရှင်းလတ်ဆတ်မှုနှင့် ကျန်းမာရေးနှင့် ညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အကဲဖြတ်ဒိုင်လူကြီးများ အနေဖြင့်လည်း စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ မျှမျှတတ အကဲဖြတ်အမှတ်ပေးကြပြီး ဆုရရှိသင့်ရရှိထိုက်သည့် လက်ရာကောင်းများကို ရွေးချယ်ပေးကြရန် မှာကြားလိုကြောင်း၊ ပထမအကြိမ် ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သလို ယခု ဒုတိယအကြိမ် မန္တလေးမြို့၌ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့် ပြပွဲကနေ တစ်ဆင့် အထက်မြန်မာပြည်၏ ကြွယ်ဝလှသည့် ရိုးရာအစားအစာများ ပိုမိုထင်ရှားပေါ်လွင်လာပြီး မြန်မာ့ခရီးသွားလုပ်ငန်းနှင့်ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အဓိကအထောက်အကူပြုနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ (မန္တလေး) အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဒုတိယသမ္မတက အခမ်းအနားဖြစ်မြောက်အောင် Main Sponsor နှင့် Gold Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက Silver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက Bronze Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က Supporting Partner အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတထံ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ (မန္တလေး) အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲတွင် ဆုရရှိကြသည့် စားသောက်ဆိုင်များနှင့် ဟိုတယ်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ပြိုင်ပွဲဝင်အဖွဲ့ ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်**

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကို ပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်အဖြစ် ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ဩဂုတ် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အစားအသောက်လုပ်ငန်းနယ်ပယ်မှ ဝါရင့်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေပေးမည့် စကားဝိုင်းဆွေးနွေးပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့ ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၄၁ ခန်း ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးညီညီနှင့် တက်ရောက်လာကြသူများနှင့်အတူ အာဆီယံအားကစားနေ့ (ASEAN Sports Day) အထိမ်းအမှတ်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘောလုံးကွင်းပတ်လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။

ထို့ပြင် အားကစားလှုပ်ရှားဆောင်ရွက်မှုများအဖြစ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ကျား/မ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ အပြေးပြိုင်ပွဲမီတာ ၂၀၀ နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများနှင့်ရိုးရာအားကစားနည်းဖြစ်သည့် လွန်ဆွဲပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က သက်ဆိုင်ရာပြိုင်ပွဲအလိုက် ဆုရရှိခဲ့ကြသူများ၊ အာဆီယံနှင့်စပ်လျဉ်းသည့် ဉာဏ်စမ်းမေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သူများအား အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ကြပြီး (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် Gold Camp မှ မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လေ့ကျင့်မှုတွင် ရမှတ်အများဆုံးရရှိသည့် Recurve နှင့် Compound အားကစားသမား နှစ်ဦးအား ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေကျင်မြစ်နှင့် သောင်ရင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခြောက်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် လေးပေ ၁၀ လက်မ ခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

**မိုး/ဇလ**

---

❖ *ကျောဖုံးမှ*

စတင်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၉ မိနစ်တွင် ဒုတိယဦးဆောင်ဂိုးကို တိုက်စစ်မှူး ငုယင်ကွမ်ဟိုင်က ထပ်မံသွင်းယူပေးခဲ့သဖြင့် အိမ်ရှင်ထိုင်းအသင်းကို ပွဲအပြီးတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်သင်းစလုံး၏ အဆုံးအဖြတ်ပွဲဖြစ်လာမည့် ဒုတိယအကျော့ ဗိုလ်လုပွဲစဉ်ကို ဩဂုတ် ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-AUF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ

## သိဃ်သူ

*(ယမန်နေ့က အဆက်)*

ဘယ်လာရုစ်နိုင်ငံ၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် သမ္မတနန်းတော်၌ ဘယ်လာရုစ်သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။ အခမ်းအနား၏ အစီအစဉ်အားလုံးမှာ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ခမ်းခမ်းနားနားထည်ထည်ဝါဝါ ဖြစ်သကဲ့သို့ ရှိရင်းစွဲရင်းနှီးချစ်ကြည်မှုကြောင့်လည်း လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေးနှင့်ဖြစ်သည်။ စင်စစ်အားဖြင့် နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဘယ်လာရုစ်မြေပေါ်သို့ စတင်ရောက်ရှိသည့် ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့ ဘယ်လာရုစ်သမ္မတ အိမ်တော်တွင် အလွတ်သဘော ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။

ဩဂုတ် ၂၁ ရက်နေ့ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတတို့ သီးသန့်တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ ဘယ်လာရုစ်နိုင်ငံသမ္မတကြီးက လေးစားရပါသော အဆွေတော်သမ္မတကြီးနှင့် ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယမန်နေ့ကလည်း မိမိနှင့်အဆွေတော်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပွင့်လင်းစွာဖြင့် လေးလေးနက်နက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါတွင်လည်း တရားဝင်ထပ်မံတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းရပ်များကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်းတို့ကို စတင်ပြောကြားသည်။

ဘယ်လာရုစ်သမ္မတကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များ ရှိပါက ဘယ်လာရုစ်နိုင်ငံအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ဘယ်လာရုစ်နိုင်ငံ၏ စက်မှုစိုက်ပျိုးမွေးမြူရေး နည်းပညာနှင့်အတွေ့အကြုံများကို မြန်မာနိုင်ငံအတွက် မျှဝေပေးသွားမည် ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်းနှင့် ဘယ်လာရုစ်နိုင်ငံမှ ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးလိုသည့်စိတ်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ပြည်သူများ လိုအပ်သည်များကို ဆောင်ရွက်ပေးသည့်အခါ၌ လိုအပ်ချက်များရှိပါက မိမိတို့ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကူညီပေးရန် အသင့်ရှိပါကြောင်း စသည့်ပြောကြားချက်များမှာ နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများအကြားမှ ရင်းနှီးချစ်ကြည်မှု မည်မျှနက်ရှိုင်းသည်ကို ပြသလျက်ရှိနေသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဩဂုတ် ၂၁ ရက်က သမ္မတနန်းတော်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

- မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံမှ ကျောင်းသားများကို ဘယ်လာရုစ်နိုင်ငံတွင်ရှိသည့် တက္ကသိုလ်များတွင် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားသွားမည်။
- နှစ်နိုင်ငံပါလီမန်အချင်းချင်း ဆက်ဆံမှု၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြား ဆက်ဆံမှုကိုလည်း ဆက်လက်တိုးမြှင့်သွားမည်။
- နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်းနှင့် အခြားကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရန် ရည်ရွယ်ပြီး ဇူလိုင် ၈ ရက်နေ့တွင် နှစ်နိုင်ငံ အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။



မြန်မာ – ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပစဉ်။

ယင်းနောက် မိမိတို့ နိုင်ငံတော်သမ္မတကြီးက ဆွေးနွေးပြောကြားရာတွင် အဆွေတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မိမိကို နွေးထွေးစွာဖြင့် ကြိုဆိုပြီး လက်ခံတွေ့ဆုံသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ယခုလာရောက်သည့်အချိန်တွင် မိမိတို့အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ ပါရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအပါအဝင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီးပွားရေး၊ နည်းပညာနှင့် အခြားနယ်ပယ်များအားလုံးတွင် ကန့်သတ်ချက်မထားရှိပါဟု ယခင်က ပြောကြားထားဖူးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ အပြည့်အဝရရှိမည်ဟု ယုံကြည်ပါကြောင်းတို့ကို ပြောကြားပြီး ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်းနှင့် ထိုအချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည် ဖြစ်သကဲ့သို့ အဆွေတော်တို့ နိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း စသည်တို့ကို ပြောကြားသည်။ ဆက်လက်၍ နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ နှစ်နိုင်ငံ နိုင်ငံတော်အဆင့်တွေ့ဆုံပွဲတွင် မြန်မာ–ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆–၂၀၂၈) ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့် လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်နိုင်ငံ အစိုးရနှစ်ရပ်ကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြီး–

(၁) နှစ်နိုင်ငံအကြား တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်၊

(၂) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးရေး သဘောတူညီချက်၊

(၃) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊

(၄) မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကို အဝေးမှ အာရုံခံစောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ် တစ်စင်းတည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့် မှတ်တမ်းလွှာ၊

(၅) မြန်မာအာကာသအေဂျင်စီနှင့် Belarusian State University တို့အကြား သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(၆) မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် The Belarusian Institute of Strategic Research (BISR) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊

(၇) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် JSC "Development Bank of the Republic of Belarus" တို့အကြား ချေးငွေဆိုင်ရာ မူဘောင် သဘောတူစာချုပ်နှင့်

(၈) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် ဘယ်လာရုစ်နိုင်ငံ၊ နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်စသည်တို့အပါအဝင် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် ၉ ခုတို့ကို

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ ရှေ့မှောက်၌ လဲလှယ်ခဲ့ကြသည်။

ထို့နောက် သမ္မတနှစ်ဦးတို့က မီဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်များကို အပြန်အလှန် ပြောကြားကြသည်။ အဆိုပါပူးတွဲကြေညာချက်များက နှစ်နိုင်ငံခေါင်းဆောင်များနှင့် အစိုးရနှစ်ရပ်အကြား ဆွေးနွေးမှုများ၊ နှစ်ဖက်သဘောထားအမြင်များနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အချက်များကို မီဒီယာများမှတစ်ဆင့် ထုတ်ဖော်ပြောကြားကြခြင်းလည်း ဖြစ်သည်။

နှစ်နိုင်ငံ ပူးတွဲကြေညာချက်များ ပြောကြားကြရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာလူကာရှန်ကိုက ဦးစွာပြောကြားရာ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကဏ္ဍများ၊ စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများနှင့် ကဏ္ဍပေါင်းစုံတို့တွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်။ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ အကောင်အထည်ဖော်ရန်လည်း ဘယ်လာရုစ်ဘက်က အဆင်သင့်ရှိသည်။ လက်ရှိတိုးတက်နေသည့် ခေတ်ကြီးတွင် ဘယ်လာရုစ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အထောက်အကူပြုသွားမည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့က ဩဂုတ် ၂၁ ရက်တွင် မြန်မာသံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

- **နှစ်နိုင်ငံ အစိုးရအကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ အာကာသအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့**
- **အခွင့်အလမ်းကောင်းများရှိသည့် မြန်မာနိုင်ငံတွင် ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်များ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှု စသည့်ကဏ္ဍများမှာ လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် စီးပွားရေးအချက်အချာကျသည့် သီလဝါအထူးစီးပွားရေးဇုန်တွင် ဘယ်လာရုစ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့**

ယခုနှစ်အတွက် ဆွေးနွေးမှုထဲတွင် အရေးအကြီးဆုံးအချက်မှာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန်အတွက် နှစ်နိုင်ငံကြားတွင် သံရုံးများကို အပြန်အလှန်ဖွင့်လှစ်သွားမည်။ မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်သည့်အချိန်တွင် ၂၀၂၆-၂၀၂၈ Roadmap ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို လက်တွေ့မြေပြင်၌ အကောင်အထည်ဖော်နေပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံမှ ကျောင်းသားများကို ဘယ်လာရုစ်နိုင်ငံတွင်ရှိသည့် တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားသွားမည်။ နှစ်နိုင်ငံပါလီမန်အချင်းချင်း ဆက်ဆံမှု၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြား ဆက်ဆံမှုကိုလည်း ဆက်လက်တိုးမြှင့်သွားမည်။ နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်းနှင့် အခြားကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရန် ရည်ရွယ်ပြီး ဇူလိုင် ၈ ရက်နေ့တွင် နှစ်နိုင်ငံ အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုခရီးစဉ်တွင် ဆွေးနွေးခဲ့သည့် သဘောတူညီချက်အားလုံးကို ဘယ်လာရုစ်ဘက်က ဗျူရိုကရက်တစ်ယန္တရားကို ကျော်လွန်ပြီး အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်မည်ဆိုသည့် အချက်အလက်များမှာ အဓိကကျသော အချက်များပင်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဩဂုတ် ၂၁ ရက်က ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ ကြိုဆိုကြစဉ်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပူးတွဲကြေညာချက်ကို ပြောကြားရာတွင် နှစ်နိုင်ငံ အကြီးအကဲများအကြား အပြန်အလှန်ခရီးစဉ်များ ရှိခဲ့ပြီး ခရီးစဉ်များအတွင်း နှစ်နိုင်ငံအနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် သဘောတူညီချက်များစွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခုခရီးစဉ်တွင် နှစ်နိုင်ငံကြား သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၉ ခု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နှစ်နိုင်ငံကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားမည်။

နှစ်နိုင်ငံ အစိုးရအကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ အာကာသအပါအဝင် နှစ်ဖက်အကျိုး ဖြစ်ထွန်းစေမည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့သည်။

သမ္မတနှစ်ဦးသည် ဒေသတွင်းနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ်တွင် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ပြီး နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံ အမှီသဟဲပြု ဆက်လက်ရပ်တည်သွားမည်။

မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မြန်မာသံရုံးအဖြစ် တရားဝင်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပသွားမည်။ မြန်မာနိုင်ငံတွင်လည်း မကြာခင် ဘယ်လာရုစ်သံရုံးကို လာရောက်ဖွင့်လှစ်မည်ဖြစ်သည့်အတွက် ကြိုဆိုလျက်ရှိပါသည်။

အခွင့်အလမ်းကောင်းများရှိသည့် မြန်မာနိုင်ငံတွင် ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်များ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစသည့်ကဏ္ဍများမှာ လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် စီးပွားရေးအချက်အချာကျသည့် သီလဝါအထူးစီးပွားရေးဇုန်တွင် ဘယ်လာရုစ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

သမ္မတနှစ်ဦး၏ သတင်းထုတ်ပြန်ကြေညာချက်များက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ယခုခရီးစဉ်က မြန်မာ- ဘယ်လာရုစ် နှစ်နိုင်ငံ အကျိုးစီးပွားအများအပြားဖြစ်ထွန်းစေမည့် ဆွေးနွေးမှုများကို တွေ့မြင်နေရသည်။

ဩဂုတ် ၂၁ ရက် ဘယ်လာရုစ်နိုင်ငံ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့အား မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ ပူးတွဲတွေ့ဆုံဆွေးနွေးသည်။ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးမှုများက တည်နေရာအလှမ်းကွာဝေးသည့် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ လူငယ်လူရွယ်နှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို အခိုင်အမာအားဖြည့်ပေးလျက်ရှိသည်။

ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ရှိ သံတမန်ခန်းမ၌ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

သံရုံးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxin Ryzhenkov နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် သံရုံးဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမက်ဆင်ရှုဇန်ကော့ဗ်တို့သည် ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများသည် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ရောက်ရှိကြရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကိုကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ရှိသည့် လယ်ထွန်စက်ထုတ်လုပ်ခြင်း၊ Optical Radar ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ သံရုံးအဆောက်အအုံ သို့မဟုတ် မြေနေရာ လဲလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံး ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့် အသက်ဝင်နေပြီဖြစ်သောကြောင့် လေကြောင်းလိုင်းများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ Tourism Infrastructure များစွာရှိခြင်းကြောင့် ခရီးသွားကဏ္ဍတွင်လည်း နှစ်ဖက်တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံဘက်မှ ဆောင်ရွက်သွားလိုသည့် ကိစ္စများအလိုက် မြန်မာနိုင်ငံသို့ စာပေးပို့စေလိုကြောင်း၊ မိမိတို့ဘက်မှ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည် မှားယွင်းဖော်ပြထားမှုများကို ပြင်ဆင်ခွင့်ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်ရေးဆွေးနွေး



**ပဲခူး ဩဂုတ် ၂၂**

တိုင်းရင်းသားလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့၏အခက်အခဲများကို ဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည် မှားယွင်း ဖော်ပြထားမှုများကို ပြင်ဆင်ခွင့်ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီရုံးများ ဆောက်လုပ်နိုင်ရန်အတွက် သင့်လျော်သည့် မြေနေရာ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ နွေရာသီတိုင်းရင်းသားဘာသာစာပေ သင်ကြားရာတွင် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို ကရင်၊ အရှို(ချင်း)၊ မွန်၊ ရှမ်းနှင့် ပအိုဝ်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၃ ဖွဲ့မှ ကိုယ်စားလှယ်များက ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် တွေ့ဆုံစဉ် ဆွေးနွေး တင်ပြကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုများကို ရှိရင်းစွဲမူလလက်ရာကို မထိခိုက်စေရန် အထူးသတိပြု ဆောင်ရွက်ကြရန်နှင့် စည်းမျဉ်းများ သတ်မှတ်ထားကြရန် မှာကြားလိုပါကြောင်း၊ တိုင်းရင်းသား လူငယ်များ၏ အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းစင်တာ တည်ဆောက်ပြီးစီးပါက ဒေသခံ တိုင်းရင်းသား လူငယ်များနှင့် ကိုက်ညီသည့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစောလင်းအောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးဝင်းနိုင်တို့က တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့ညနေပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Moroz Denis နှင့် မင့်စ်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဓာတ်မြေဩဇာစက်ရုံများအပါအဝင် Petro-chemical Plant များ တည်ဆောက်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးများထည့်ဝင်၍ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှု ပိုက်လိုင်းကွန်ရက်အား အဆင့်မြှင့်တင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့ဆုံးရှုံးမှုများ လျော့နည်းပပျောက်စေရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ပို့လွှတ်မှုတို့တွင် စနစ်တကျ ထိန်းချုပ်ကွပ်ကဲနိုင်သည့် Smart Power Generation နှင့် Smart Grid တို့ ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာများ အကူအညီပေးရေး၊ မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသည့် Cable များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှစ်ရပ်လုံးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် သင်တန်းကျောင်းများ၊ တက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးရေး အပါအဝင် နှစ်နိုင်ငံစွမ်းအင်လုံခြုံရေး ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ဒုတိယအထွေထွေ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဟိုပုံးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံကျောင်းပေါင်းစုံ U14 / U18 ဘောလုံးပြိုင်ပွဲဖွင့်

**ဟိုပုံး ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံကျောင်းပေါင်းစုံ U14/U18 ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက Fitness Dance Asia Myanmar သီချင်းဖြင့် သရုပ်ပြဖျော်ဖြေကြကာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကိုယ်စားပြု နယ်မြေ(၁) ဘောလုံးအသင်းနှင့် စငေါ် အခြေခံပညာအထက်တန်းကျောင်းကိုယ်စားပြု နယ်မြေ(၅) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# အကြိမ်(၂၀)မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (20th ASEAN Navy Chiefs' Meeting – 20th ANCM) သို့တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အကြိမ်(၂၀)မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးတက်ရောက်ခြင်း၊ အာဆီယံရေတပ်ဦးစီးချုပ်များအား သီးခြားစီတွေ့ဆုံခြင်းနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အကြိမ်(၂၀)မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (20th ASEAN Navy Chiefs' Meeting – 20th ANCM) ကို ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တက်ရောက်ခဲ့သည်။ ဦးစွာ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Adul Boonthumjaroen က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ယခင်နှစ် (၁၉)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးမှတ်တမ်းအား အတည်ပြုသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးအခြေအနေများအား အကျဉ်းချုပ်တင်ပြဆွေးနွေးသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက အာဆီယံ တစ်ရပ်၊ ရေကြောင်းမျှော်မှန်းချက် အမြင်တစ်ခုတည်းဖြင့် အာဆီယံဒေသတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ ကြွယ်ဝဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတပ်များ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု (One ASEAN, One Maritime Vision: Naval Cooperation for Maritime Prosperity and Sustainability in ASEAN) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းက ပင်လယ်ရေကြောင်းဆိုင်ရာ ကြွယ်ဝဖွံ့ဖြိုးတိုးတက်မှုနှင့်အပြာရောင်စီးပွားရေး၊ ရေကြောင်းပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စိန်ခေါ်မှုများအား ရေတပ်ချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ရင်ဆိုင်ခြင်းများကို ဆွေးနွေးခဲ့သည်။ ယင်းနောက် သတင်းအချက်အလက်မျှဝေခြင်း၊ ဆွေးနွေးဖလှယ်ခြင်းအစီအစဉ်များနှင့် အနာဂတ်တွင် ဆောင်ရွက်မည့် ANCM အစီအစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် သဘာပတိ ထိုင်းရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ထိုင်းရေတပ်ဦးစီးချုပ်နှင့် ဗီယက်နမ်ရေတပ်ဦးစီးချုပ်တို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိနေသော အာဆီယံရေတပ်ဦးစီးချုပ်များနှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက်တွင် Rattanakosin Exhibition Hall ၌ လှည့်လည်ကြည့်ရှုခဲ့ပြီး ညပိုင်းတွင် ထိုင်းရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ပုသိမ် ဩဂုတ် ၂၂**

ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးအတွက် မျောတုတ်တန်းအပြင်ဘက်ခြမ်းတွင် ပိုမိုတောင့်တင်းစေရန် လူအင်အားသုံး၍ နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများ အပါအဝင် Stand Pipe အား ကရိန်းအသုံးပြု၍ လည်းကောင်း၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်မည့် Geo–bags ချသည့် ဒဂုန်စာမရီရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့် လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Geo–bags အား ရေယာဉ်အလယ်မှ ထိန်းချသည့် စက်ရေယာဉ်တွဲ အပါအဝင် ရေယာဉ်ငယ်၊ သဲစက်လှေတွဲများဖြင့် လည်းကောင်း ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် ကြည့်ရှုစစ်ဆေးပြီး ရေစီးဝင်လမ်းကြောင်း၏ ရေစီးနှုန်းပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်မည့်အခြေအနေ၊ ရေဝင်လမ်းပိတ်လုပ်ငန်းနှင့် ပူးတွဲဆောင်ရွက်နိုင်ရန် ကျောက်ကြီးများအား ကြိုတင်စုဆောင်း၍ Barge တွဲဖြင့် လုပ်ငန်းခွင်သို့ စီစဉ်သယ်ယူလျက်ရှိသည့် အခြေအနေနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များ၏ ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေး အကြံပြုဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့ အမှတ်(၃) ရပ်ကွက်နှင့် သခွတ်ချောင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ရေကျဆင်းပြီးနောက် ပျက်စီးဆုံးရှုံးမှုများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကအားပေးစကားပြောကြားသည်။

အလားတူ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းဆိုင်ရာများကို ကျန်းမာရေး အသိပညာပေး ဟောပြောပြီး ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဖလမ်း ဩဂုတ် ၂၂**

ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကလေး–ဖလမ်း–ဟားခါးလမ်းမကြီး၊ ဖလမ်းမြို့တွင်း လမ်းပိုင်း၊ ဗိုလ်ချုပ်လမ်းမတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဖလမ်းမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသူများအား မုန့်နှင့်အချိုရည်များ ပေးအပ်ကြသည်။

အလားတူ တီးတိန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌသည် တီးတိန်မြို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ ပါဝင်သည့် စုပေါင်းလုပ်အားပေးအဖွဲ့က လွယ်ဘွာလ်ရပ်ကွက် ကမ်းဟောက်လမ်းမကြီးနှင့် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ ချုံနွယ်ပိတ်ပေါင်းခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့အတူ တွန်းဇံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌသည် တွန်းဇံမြို့ သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ခေါဝုန်ရပ်ကွက်နှင့် လေးဆန်ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မကွေးမြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ



မကွေး ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ မြို့နယ်စုပေါင်းရုံး အစည်းဝေးခန်းမ၌ကျင်းပရာ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ (အထက်တန်းအဆင့်) တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အထက (ခွဲ) ဆားစည်မှ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြကာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားသည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် မှတ်တမ်းဗီဒီယိုနှင့် ကျောင်းသားကျောင်းသူလေးများက ကျန်းမာရေးဆိုင်ရာတေးသီချင်းများဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်မှု၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူ မကွေးမြို့ အထက(ခွဲ)မြို့မမှ Grade-10 ကျောင်းသူ၏ ဆုရခေါင်းစဉ်ဖြင့် ပြန်လည်တင်ဆက် သရုပ်ပြသမှုတို့ကိုကြည့်ရှုအားပေးပြီး ဖျော်ဖြေတင်ဆက်ခဲ့သည့် ကျောင်းသားကျောင်းသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုဆိုင်ရာ ခင်းကျင်းပြသထားမှုနှင့် ကျောင်းကျန်းမာရေး ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "သူရိယနေမင်း" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၁၅) ရပ်ကွက်နေ သန်းစိုးဦး(ခ)နေမင်းအား ညနေ ၅ နာရီ ၁၀ မိနစ်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီ ကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာအသိပညာပေးဟောပြော

မန္တလေး ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာဟောပြောပွဲ အခမ်းအနားကို အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ရွှေလွန်းပျံခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံကျောင်းအုပ်ကြီး ဒေါ်ခင်ဝင်းကြည်နှင့် ဝန်ထမ်းများ၊ ရက်ကန်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းနှင့် ရက်ကန်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစံပယ်ဖြူအောင်က အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ရက်ကန်း လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံ အာဆင်နယ်နိုင်ပွဲရပြီး မန်ယူရှုံးနိမ့်

ဩဂုတ် ၂၂ ရက် နံနက် ၁ နာရီခွဲက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁)တွင် လက်ရှိချန်ပီယံ အာဆင်နယ်က တန်းတက် ကိုဗင်ထရီအသင်းကို တိုက်စစ်ခြေစွမ်းပြပြီး သုံးဂိုးပြတ် နိုင်ပွဲရရှိကာ အဖွင့်မျက်နှာပန်းလှခဲ့သည်။

ကိုဗင်ထရီအသင်းသည် ပွဲချိန် တစ်လျှောက်တွင် အာဆင်နယ်အသင်း၏ ဖိအားပေးထိုးဖောက် တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရပြီး တန်ပြန်တိုက်စစ်ဆင်မှုအနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ဂိုးပေါက်ကန်သွင်းမှု အကြိမ် ၂၀ အထိရှိခဲ့ပြီး ကိုဗင်ထရီအသင်းက လေးကြိမ်သာရှိခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် ကိုင်ဟာဗက်ဇ်၊ ၂၃ မိနစ်တွင် ဆာကာနှင့် ၄၉ မိနစ်တွင် အသင်းခေါင်းဆောင် အိုဒီဂတ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

အာဆင်နယ်နည်းပြ အာတီတာသည် ယခုပွဲတွင် ပရီမီယာလိဂ်ပွဲပေါင်း ၁၅၀ အနိုင်ရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့အပြင် အာတီတာသည် ပွဲပေါင်း ၂၄၉ ပွဲတွင် နိုင်ပွဲ ၁၅၀ မြောက်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ပွဲပေါင်း ၂၅၀ မပြည့်မီတွင် နိုင်ပွဲ ၁၅၀ ရယူနိုင်သည့် နည်းပြငါးဦး အနက် တစ်ဦးအပါအဝင် ဖြစ်လာခဲ့သည်။

ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဟားလ်စီးတီးနှင့် မန်ယူပွဲစဉ်တွင် ဟားလ်စီးတီးက နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ **အောင်ဇော်**



ကိုဗင်ထရီအသင်းဘက်သို့ အာဆင်နယ်အသင်းကစားသမား ရီကာဒို ကလာဖီအိုရီ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေး




**နေပြည်တော် ဩဂုတ် ၂၂**
နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် ယူဂန်ဒါနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားလေးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၂ ရက်အထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၂**
ရန်ကုန်တိုင်းဒေသကြီး အတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်နှင့်အဖွဲ့သည်လည်းကောင်း၊ ထန်းတပင်မြို့နယ် ဘောလည်ရဲစခန်းမှူး ဒုရဲအုပ်နှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်နှင့်တပ်ဖွဲ့ဝင်များသည် လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်နှင့် တပ်ဖွဲ့ဝင်များသည် လည်းကောင်း၊ ကျောက်တံတား မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးခြင်း၊ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယမန်နေ့ ညပိုင်းကလည်း ဒဂုံဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်နှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်နှင့် ပူးပေါင်းအဖွဲ့သည် လည်းကောင်း ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်းနှင့် Bar ဆိုင်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်သူ**

**ဓာတ်ပုံ - တိုင်းရဲတပ်ဖွဲ့**

## အောင်မြေသာစံခရိုင်၌ အခြေခံပညာအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၂**
မန္တလေး အောင်မြေသာစံခရိုင်ပညာရေးမှူးဖလား အသက်(၁၄)နှစ်အောက် အခြေခံပညာအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၁ ရက်နေ့ ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် မတ္တရာမြို့နယ်အခြေခံပညာအသင်းက အောင်မြေသာစံမြို့နယ် ကိုယ်ပိုင်ကျောင်းများအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။



ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်နှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆုနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားများအား ဆုများချီးမြှင့်ပေးကြသည်။ အဆိုပါဘောလုံးပြိုင်ပွဲကို အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်တို့မှ အခြေခံပညာကျောင်းအသင်းများ၊ ကိုယ်ပိုင်ကျောင်းများအသင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအသင်းတို့ပါဝင်ပြီး အုပ်စုနှစ်စုခွဲကာ ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ယနေ့ ပွဲစဉ်များတွင် United City အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၆ ဂိုး - သုံးဂိုး၊ Pacific Sun Far အသင်းက Royal Noka အသင်းကို ၁၂ ဂိုး - ဂိုးမရှိ၊ YCDC Dream Team အသင်းက Burmese Warriors အသင်းကို ကိုးဂိုး - တစ်ဂိုးတို့ဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး JV FC အသင်းက Shwe Pyi Thar United FC အသင်းကို သုံးဂိုး - နှစ်ဂိုး၊ ULAD FC အသင်းက Gold Dream အသင်းကို သုံးဂိုး - နှစ်ဂိုးတို့ဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။ မနက်ပိုင်းပွဲစဉ်ဖြစ်သည့် MIU FC အသင်းနှင့် YRG FC အသင်းပွဲစဉ်တွင် တစ်ဖက်ငါးဂိုးစီဖြင့် သရေကျခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၂** - စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ်သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့၌ ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၂**
ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ်သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့၌ ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိပြစ်မှုကျူးလွန်သူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် ည ၆ နာရီခွဲတွင် သတင်းအရ ပြင်ဦးလွင်မြို့နယ် ပင်လိန်(အရှေ့)ကျေးရွာအနီးတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇) ရွာသစ်ကလေးနေ သန့်ဇင်ဦး(ခ) အငယ်ကောင် မောင်းနှင်လာသော JIALING SUPER CUB အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၃၂၀) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ပြင်ဦးလွင်မြို့နယ် ညောင်ပင်သာရွာနေ ဇေယျာလင်း(ခ)စိုင်းလုံ(၃၉)နှစ်ကို ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ညောင်ပင်သာရွာအနီးတွင် ZONSEN CYCLONE အမျိုးအစားဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိသဖြင့် သန့်ဇင်ဦး(ခ)အငယ်ကောင်နှင့် ဇေယျာလင်း(ခ)စိုင်းလုံတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မြို့ရှောင်လမ်းတွင် ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာနေ မင်ရှုကိုင်း(၃၂)နှစ် မောင်းနှင်လာသော TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၈၀) ဖမ်းဆီးရမိသဖြင့် မင်ရှုကိုင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

❊ *ကျောဖုံးမှ*

နှစ်ဂိုး နှစ်ဂိုး သရေရလဒ်ထွက်ပေါ်အောင် ယှဉ်ပြိုင်ကစားထားနိုင်ခဲ့သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းပေါင်း ၄၀ ကို ၄ သင်းစီပါအုပ်စု ၁၀ ခု ခွဲခြားယှဉ်ပြိုင်စေမည်ဖြစ်ပြီး အုပ်စုဗိုလ် ၁၀ သင်းနှင့် အကောင်းဆုံး ဒုတိယရ ၆ သင်း စုစုပေါင်း ၁၆ သင်းက ရှုံးထွက်အဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-PSM**

## တရုတ်-အင်ဒိုနီးရှား ပထမဆုံး ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးပွဲကျင်းပ

**ဂျကာတာ ဩဂုတ် ၂၂**

တရုတ်နှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးများသည် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ AI အပါအဝင် နယ်ပယ်ကဏ္ဍ အများအပြားတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။




တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဆူဂီယိုနိုတို့သည် ပထမဆုံးအကြိမ် နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးပွဲအတွက် ဩဂုတ် ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက်ရှိပြီး ယခုလအစောပိုင်းက ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံသည် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများပါဝင်သော ပူးတွဲအစည်းအဝေးတစ်ရပ်ကိုလည်း ကျင်းပခဲ့ကြောင်း၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အပါအဝင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်နှင့် ကနေဒါတို့ ကုန်သွယ်ရေးဆွေးနွေးမှု သဘောတူညီချက်မရဘဲ ပျက်ပြယ်

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်နှင့် ကနေဒါနိုင်ငံတို့သည် ဩဂုတ် ၂၁ ရက်က ကုန်သွယ်ရေးသဘောတူညီမှု မရရှိခဲ့ဘဲ အလုမ်းဝေးလျက်ရှိသည်။ ကနေဒါနိုင်ငံမှ တင်သွင်းလာသည့် သွင်းကုန်အချို့ကို အခွန် ၅၀ ရာခိုင်နှုန်း စည်းကြပ်မည်ဟု အိမ်ဖြူတော်က ကြေညာခဲ့သည်။ ထိုစဉ် ကနေဒါဝန်ကြီးချုပ် မက်ခ်ကာနေး(ဓာတ်ပုံ)က ကနေဒါနိုင်ငံသည် အမေရိကန်ကုန်ပစ္စည်းများအပေါ် တန်ပြန်အခွန်စည်းကြပ်မှု ပြုလုပ်သွားမည်ဟု ပြောသည်။



အမေရိကန်၏ အခွန်စည်းကြပ်မှု သတင်းထွက်ပေါ်လာပြီးနောက် ကနေဒါနိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်ရေးဆွေးနွေးမှုကို ဆိုင်းငံ့ခဲ့ပြီး ၎င်းတို့၏ စေ့စပ်ညှိနှိုင်းသူများကို အော့တဝါသို့ ပြန်လည်ခေါ်ယူလိုက်ကြောင်း ဝန်ကြီးချုပ်ကာနေးက ပြောသည်။

အမေရိကန်သည် ဩဂုတ် ၂၂ ရက်က ကနေဒါမှ တင်သွင်းလာသည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရှိ ကုန်ပစ္စည်းများကို အခွန် ၅၀ ရာခိုင်နှုန်းစည်းကြပ်ခဲ့ပြီး အဆိုပါ အခွန်စည်းကြပ်မှုသည် သန်းခေါင်ကျော်အချိန်တွင် စတင်အသက်ဝင်ခဲ့သည်။ **ဆင်ဟွာ**

## အီဘိုလာရောဂါကာကွယ်ဆေး ပထမအသုတ် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ လက်ခံရရှိ

**ကင်ရှာဆာ ဩဂုတ် ၂၂**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC)၌ အီဘိုလာရောဂါဖြစ်ပွားသူ ၅၀၀၀ ကျော်ရှိပြီး လူပေါင်း ၂၅၀၀ ကျော် သေဆုံးမှုဖြစ်ပွားပြီးနောက် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် ကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် အီဘိုလာကာကွယ်ဆေး ပထမအသုတ် ရရှိကြောင်း သိရသည်။

Ervebo ကာကွယ်ဆေး အလုံးရေ စုစုပေါင်း ၁၆၅၂၀ မှာ မြို့တော် ကင်ရှာဆာရှိ အင်န်ဒီဂျီလီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ကြောင်းနှင့် ယခုရက်အတွင်း စုစုပေါင်း ကာကွယ်ဆေး ၅၀၁၂၀ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရ၏ တောင်းဆိုချက်အပြီးတွင် ကာကွယ်ဆေးထောက်ပံ့မှုဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးအဖွဲ့က Ervebo ကာကွယ်ဆေးအလုံးရေ ၇၀၀၀၀ ကို ပထမအသုတ်အဖြစ် ချက်ချင်းထုတ်ပေးရန် အတည်ပြုခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာတို့က ကြာသပတေးနေ့တွင် ပြောကြားသည်။

ကွန်ဂို၌ ဩဂုတ် ၁၉ ရက်အထိ အီဘိုလာရောဂါဖြစ်ပွားသူ ၅၂၉၀ ရှိပြီး သေဆုံးသူ ၂၅၁၆ ဦးရှိကြောင်း အစိုးရ၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်အရ သိရသည်။ **ဆင်ဟွာ**




## ပါကစ္စတန်နိုင်ငံ၌ ပူးတွဲစစ်ဆင်ရေးများအတွင်း အကြမ်းဖက်သမား ၄၉ ဦးကို ရှင်းလင်းနိုင်ခဲ့

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၂** - ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲများပူးပေါင်း၍ ပြုလုပ်သည့် ထောက်လှမ်းရေးအပေါ် အခြေခံသည့် စစ်ဆင်ရေးများအတွင်း အကြမ်းဖက်သမား ၄၉ ဦးကို ရှင်းလင်းနိုင်ခဲ့သည်ဟု ဩဂုတ် ၂၁ ရက်တွင် ပါကစ္စတန်တပ်မတော်က ပြောကြားခဲ့သည်။ ခိုင်ဘာပတ်ထွန်ခဝါပြည်နယ်ရှိ ခရိုင်အများအပြားတွင်ပြုလုပ်သည့် စစ်ဆင်ရေးများအတွင်း အကြမ်းဖက်သမား ၁၂ ဦးကို ရှင်းလင်းနိုင်ခဲ့ပြီး ကျန် ၃၇ ဦးမှာ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများအတွင်း ရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

## တရုတ်နှင့် ဆီယာရာလီယွန်နိုင်ငံတို့အကြား ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံရှိ

**ဖရီးတောင်း ဩဂုတ် ၂၂**

တရုတ်နှင့် ဆီယာရာလီယွန်တို့အကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၃၀ ရာခိုင်နှုန်းနီးပါးမြင့်တက်လာသည်ဟု ဆီယာရာလီယွန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကျောက်ယုန်းက ပြောသည်။

ဩဂုတ် ၂၀ ရက်က မြို့တော်ဖရီးတောင်းတွင် ပြုလုပ်ခဲ့သည့် သံရုံး၏ မီဒီယာတွေ့ဆုံပွဲတွင် ကျောက်က ယင်းကာလအတွင်း တရုတ်နိုင်ငံသို့ ဆီယာရာ လီယွန်၏ တင်ပို့ကုန်များမှာ ၄၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုမှာ ၃၈ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း ပြောကြားသည်။

ထို့အပြင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်ပေါင်း ၅၅ နှစ်အတွင်း တရုတ်နှင့် ဆီယာရာလီယွန်တို့သည် အပြန်အလှန်လေးစားပံ့ပိုးပေးခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မာအားကောင်းလာကာ ပူးပေါင်းဆောင်ရွက်မှုမှလည်း အကျိုးရှိသောရလဒ်ကောင်းများ ရရှိခဲ့သည်ဟု ၎င်းက ပြောသည်။ ၂၀၂၅ ခုနှစ်အတွင်း ဆီယာရာလီယွန်နိုင်ငံသား ၆၀၀၀ ကျော် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း၊ ယင်းမှာ စံချိန်တင်ပမာဏဖြစ်ကြောင်း၊ ခရီးသွားများအတွက် ခရီးသွားလာမှု၊ ဗီဇာလျှောက်ထားမှုများနှင့် ငွေပေးချေမှုဝန်ဆောင်မှုများကိုလည်း လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ထားရှိကြောင်း ကျောက်က ဆက်လက်ပြောသည်။ **ဆင်ဟွာ**

## တူနီးရှား၌ ရွှေ့ပြောင်းနေထိုင်သူများ တင်ဆောင်လာသည့် လှေနစ်မြုပ်၍ လေးဦးသေဆုံးပြီး ၁၀ ဦးပျောက်ဆုံး

**တူးနစ် ဩဂုတ် ၂၂**

တူနီးရှားနိုင်ငံ အရှေ့တောင်ပိုင်း ဘင်ဂွာဒိန်းကမ်းလွန်၌ ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသည့် လှေနစ်မြုပ်မှုကြောင့် လေးဦးသေဆုံးပြီး ၁၀ ဦး ပျောက်ဆုံးနေသည်ဟု ပြည်တွင်းမီဒီယာတွင် ဩဂုတ် ၂၂ ရက်က ဖော်ပြထားသည်။

ဩဂုတ် ၂၁ ရက် ညပိုင်းက လှေတိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး အပါအဝင် လူ ၁၅ ဦးကျော် လိုက်ပါလာသည့် လှေတစ်စင်းထံမှ အရေးပေါ်အကူအညီတောင်းခံမှု အချက်ပြခြင်းကို ဇာဇစ်ပင်လယ်ရေကြောင်း စင်တာက လက်ခံရရှိခဲ့သည်။

ဒေသခံငါးဖမ်းသမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ပင်လယ်ရေကြောင်း လုံခြုံရေးအဖွဲ့နှင့် ခွင့်ပြုချက်ရရှိထားသော ငါးဖမ်းလှေများကပျောက်ဆုံးနေသည့် ခရီးသည်များကို လိုက်လံရှာဖွေနေသည်။ **ဆင်ဟွာ**

## လာအိုနိုင်ငံက ပို့ကုန်ဈေးကွက်ရရှိရေး အသားအရည်အသွေးမြှင့်တင်ရန် ဆောင်ရွက်

**ဗီယင်ကျန်း ဩဂုတ် ၂၂**

လာအို စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့် ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတကာပို့ကုန် စံချိန်စံညွှန်းများ ပြည့်မီစေရေး၊ အသားအရည် အသွေးတိုးတက်ကောင်းမွန်စေရေးနှင့် မွေးမြူရေးတိရစ္ဆာန်ထုတ်လုပ်မှုလုပ်ငန်း တိုးမြှင့်လာစေရေး ရည်ရွယ်ချက်ဖြင့် နိုင်ငံအတွင်း တိရစ္ဆာန်ရောဂါများကို ထိန်းချုပ်ကာကွယ်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်းနှင့် ပြည်နယ်အချို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများမှ ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံအတွင်း တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရန် ဩဂုတ် ၂၁ ရက်တွင် တွေ့ဆုံခဲ့ကြောင်း ဝန်ကြီးဌာနက ဩဂုတ် ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါစီမံကိန်းမှာ မွေးမြူရေးထုတ်ကုန်ပမာဏနှင့် အရည်အသွေးတို့ကို မြှင့်တင်ပေးမည်ဖြစ်ပြီး အထူးသဖြင့် ကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် တိရစ္ဆာန်မှတ်ပုံတင်ခြင်းတို့အပါအဝင် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အားကောင်းစေရန် ရည်ရွယ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေန်တာနိမ့်ကျနေသည့်နေရာတွင် Steel Sheet Pile ၊ Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေသည့်အခြေအနေများအား ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဩဂုတ် ၂၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ငါးသိုင်းချောင်းမြို့သို့ Stand Pipe များရောက်ရှိလာသည့် အခြေအနေနှင့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေန်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့် နေရာတွင် Steel Sheet Pile ၊ Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အရှည် ခြောက်မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာ Stand Pipe ၂၄ လုံး ငါးသိုင်းချောင်းမြို့သို့ ရောက်ရှိလာသည့် အခြေအနေများကိုကြည့်ရှုပြီး လေးမျက်နှာမြို့နယ်ရှိ ဝေန်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့်နေရာသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၅)နှင့် တံတားအထူးအဖွဲ့ (၁၆)တို့မှ Steel Sheet Pile ၊ Stand Pipe ရိုက်သွင်းပြီးစီးခဲ့မှုအခြေအနေများ၊ Barge ရေယာဉ်ပေါ်တွင် Steel Sheet Pile ၊ Stand Pipe ဆက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ Steel Sheet Pile ၊ Stand Pipe များ၏ အောက်ခြေသို့ ကျောက်ခြင်းများနှင့် သဲအိတ်များ ချခြင်းတို့ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စီမံချက်အတိုင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများနှင့် စက်၊ ယာဉ်/ယန္တရားများဖြစ်သည့် ကရိန်းများ၊ တွန်းသင်္ဘောနှင့် Barge တွဲများ စသည်တို့ ထိခိုက်မှုမရှိအောင် စနစ်တကျ ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်ရန်၊ ရေစီးအားပေါ်မူတည်၍ Steel Sheet Pile၊ Stand Pipe များ ရိုက်သွင်းခြင်းကို ဆက်လက် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးရေး စွမ်းစွမ်းတမံဆောင်ရွက်ကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တာတမံကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းသုံးပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

လေးမျက်နှာမြို့နယ်ရှိ ဝေန်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့်နေရာသို့ ဩဂုတ် ၁၈ ရက်တွင် အရှည် ၁၂ မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာ ရှစ်လုံး၊ အရှည် ခြောက်မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာနှစ်လုံး၊ ဩဂုတ် ၁၉ ရက်တွင် အရှည် ၁၂ မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာကိုးလုံး၊ အရှည် ခြောက်မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာခြောက်လုံးနှင့် ဩဂုတ် ၂၂ ရက်တွင် အရှည် ခြောက်မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာ ၂၄ လုံး စုစုပေါင်း Stand Pipe ၄၉ လုံးသည် လုပ်ငန်းခွင်သို့ရောက်ရှိပြီး အရှည် ၁၂ မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာ Stand Pipe သုံးလုံးကို ရိုက်သွင်းပြီးဖြစ်သည်။ Steel Sheet Pile ၊ Stand Pipe များကြားတွင် ဖြည့်သွင်းမည့် သဲများနှင့် အိတ်များ တင်ဆောင်လာသည့် Barge တွဲယာဉ်များလည်း လုပ်ငန်းခွင်သို့ ရောက်ရှိနေပြီဖြစ်သည်။ ရိုက်သွင်းထားပြီးဖြစ်သည့် Steel Sheet Pile၊ Stand Pipe များကို ပိုမိုခိုင်ခံ့စေရန်အတွက် H beam 400 mm x 400 mm တို့ဖြင့် ကျားကန်/ဒေါက်ကန်ပြီး သဲအိတ်များဖြည့်သွင်း၍ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကာ တာတမံကာရံခြင်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ကော့ကရိတ်မြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်း ကျင်းပ



**ကော့ကရိတ် ဩဂုတ် ၂၂**

ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ဒေါနခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နီနီအောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါဝင်းအေးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲပြုလုပ်ရာ ခရိုင်ပညာရေးမှူး၊ ခရိုင်ကျန်းမာရေးဦးစီးမှူး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုဆောင်ရွက်ထားရှိမှု၊ မြို့အင်္ဂါရပ်နှင့်အညီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်နေမှု၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမှု၊ မြို့ပြန်လည်ထူထောင်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူများအား ထောက်ပံ့ပေးမှုအခြေအနေနှင့် နယ်မြေဒေသ အေးချမ်းမှ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မည် ဖြစ်၍ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ချောက်မြို့၌ ရေဘေးရှောင်အိမ်ထောင်စုများအား ကြက်ဥများထောက်ပံ့

**ချောက် ဩဂုတ် ၂၂**

ချောက်မြို့၌ ရေဘေးရှောင်အိမ်ထောင်စုများဖြစ်သော အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အမှတ် (၈)ရပ်ကွက်၊ အမှတ်(၁၄)ရပ်ကွက်တို့မှ စုစုပေါင်း အိမ်ထောင်စု ၃၁၆ စုအပြင် ထပ်တိုးရေဘေးရှောင်အိမ်ထောင်စု ၅၉ စုအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသန့်ဇော်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဝင်တို့က ဩဂုတ် ၂၀ ရက်တွင် ရေဘေးရှောင်အိမ်ထောင်စုဝင်များကိုယ်စား သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မုံရွာ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလက(ခွဲ) (လယ်တီ)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူမှောင်ခိုမှုဆိုင်ရာကိစ္စများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာကိစ္စရပ်များ၊ အလုပ်အကိုင်ကြေညာအတုများနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သော လူကုန်ကူးမှုအန္တရာယ်အကြောင်းများကို ရှင်းလင်းဟောပြောသည်။



ယင်းနောက် ဦးစီးအရာရှိ ဦးထိန်လင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ၊ ယာဉ်အန္တရာယ်မဖြစ်စေရန် သတိပြုရမည့်အချက်များကို အသိပညာပေးဟောပြောပြီး ဦးစီးအရာရှိ ဒေါ်ဇာနည်ဝင်းက ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန် ဟောပြောသည်။ **သလ္လာမေ**



# ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ အာဟာရဒါနလှူဒါန်း

**ပုသိမ် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးလှူဒါန်းသည့် အာဟာရဒါနစတုဒိသာ လှူဒါန်းပွဲကို ယမန်နေ့က ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ဆေးရုံတက်ကုသနေသောလူနာများ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုအလေ့အထများရရှိစေပြီး အာဟာရပြည့်ဝစွာ ကျန်းမာရေးကောင်းမွန်လာစေရေးတို့အတွက် လူနာ ၃၅၀ အတွက် ထမင်း၊ ကြက်သား၊ ကြက်ဥ၊ သီးစုံပဲကုလားဟင်းတို့ကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သက်သက်ဆွေ၊ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့်အဖွဲ့ဝင်များက စုပေါင်းလှူဒါန်းခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်သူပညာပေးကော်ဖီစံပြစိုက်ခင်း ဖြစ်ထွန်းအောင်မြင်

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော် ရုံးအမှတ် ၁၅၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ စိုက်ပျိုးထားသော တောင်သူနည်းပညာပေး ကော်ဖီစံပြစိုက်ခင်း အမှတ်-၁ အတွင်းရှိ မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ)မျိုးမှာ ယခုအခါ အသီးများသီး၍ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး လာမည့် ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလတွင် စီးပွားဖြစ် အသီးများအဖြစ် ခူးဆွတ်ရရှိနိုင်မည်ဖြစ်၍ ကော်ဖီစိုက်ပျိုးရန် စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် လာရောက်လေ့လာနိုင်မည်ဖြစ်သည်။



ကော်ဖီပင်သက်တမ်း နှစ်နှစ်ရှစ်လနှင့် အပင်၏ အမြင့်မှာ ခုနစ်ပေရှိပြီး ပင်ကြား ရှစ်ပေ ၁၀ ပေနှင့် တန်းကြား ရှစ်ပေ ၁၀ ပေစနစ်ဖြင့် စိုက်ပျိုးပြသထားခြင်းဖြစ်ကာ စိုက်ခင်းသုံးခုတွင် အပင်ပေါင်း ၅၀၀ ခန့် စိုက်ပျိုးပြသထားကြောင်းနှင့် ကော်ဖီသီးနှံသည် နိုင်ငံတကာဈေးကွက်ဝင် သီးနှံလည်းဖြစ်ပြီး သီးနှံသစ်တော ရောနှောစိုက်ပျိုးရသော သီးနှံဖြစ်၍ နှစ်ဖက်နှစ်လမ်းမှ အကျိုးဖြစ်ထွန်းဝင်ငွေရရှိသည့် သီးနှံဖြစ်ကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ကျောင်းခန်းမ၌ ယမန်နေ့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးရေးအသိပညာပေးဟော ပြောပွဲပြုလုပ်ခဲ့ရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်တင့်က အမှာစကားပြောကြားပြီး အမှတ် (၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပုသိမ်ကြီးမြို့နယ်) ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူး ဒုရဲမှူးကံညွန့်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းသုံး လမ်းသွားများ စနစ်တကျလိုက်နာရမည့်အချက်များကို အသိပညာပေး ပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများနှင့်အတူ ယာဉ်စည်းကမ်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြပြီး တပ်ဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဘုန်းမြတ်

## ရေးမြစ်ရေ မြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်ပြည်သူများ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေး

**ရေး ဩဂုတ် ၂၂**

မွန်ပြည်နယ် ရေးမြို့နယ်၌ ဩဂုတ် ၁၈ ရက်မှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေးချောင်းဖျား တောင်ကျချောင်းရေသည် ရေးမြစ်အတွင်း စီးဝင်လာမှုကြောင့် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းမှစတင်ကာ မြို့ပေါ်ရပ်ကွက် မြေနိမ့်ပိုင်းနေရာများတွင် မြစ်ရေ နှစ်ပေကျော် မြင့်တက်လာသဖြင့် ပြည်သူများအား ယာယီရေဘေး ကယ်ဆယ်ရေးစခန်း မြို့နယ်အားကစားခန်းမသို့ ပြောင်းရွှေ့နေရာချထားပေးသည်။

အဆိုပါ ရပ်ကွက်ပြည်သူများ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ သူရဦးရန်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားပြီး ရေဘေးသင့်အိမ်ခြေ ၅၂ လုံးမှ အိမ်ထောင်စု ၆၂ စု ပြည်သူ ၂၇၃ ဦးအတွက် စုစုပေါင်းတန်ဖိုး



ငွေကျပ် ၂၃၃၃၀၀၀ ရှိ အခြေခံ စားသောက်ကုန်များ၊ ထမင်းဘူး ၃၀၀ ကို လှူဒါန်းပေးသည်။ ရေးမြစ်ရေသည် ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် မိုးရွာသွန်းမှု လျော့နည်းလာသဖြင့် ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

## မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မြဝတီ ဩဂုတ် ၂၂**

ကရင်ပြည်နယ် မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာ ဘုန်းတော်ကြီး



ကျောင်းဓမ္မာရုံ၌ ဩဂုတ် ၁၉ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက သဃ်န်းညီနောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အကောင်အထည်ဖော်ပေးမည့် လုပ်ငန်းများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ဆောင်ရွက်မှုများ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာမြေငှားဂရန်ရရှိရေး ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ဆောင်ရွက်မှုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးပြီး ကျေးရွာနေပြည်သူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့သည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မိတ္ထီလာမြို့၌ ကွင်းဆင်းဆေးကုသ

**မိတ္ထီလာ ဩဂုတ် ၂၂**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၂ ဦးပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးကုသပေးရာတွင် ဆေးပညာဆိုင်ရာလူနာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ၊ နှလုံးရောဂါဆိုင်ရာလူနာ၊ ဟော်မုန်းရောဂါလူနာ၊ ကင်ဆာရောဂါလူနာ၊ ဆီးနှင့်ကျောက်ကပ် ဆေးကုသမှုဆိုင်ရာလူနာ၊ အရိုးအကြောအဆစ်ဆေးပညာလူနာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသလူနာ၊ အဆုတ်နှင့်ရင်ခေါင်းလူနာ၊ အရေပြားလူနာ၊ အသည်းရောဂါလူနာနှင့် သွေးရောဂါလူနာတို့ကို ကြည့်ရှုကုသပေးပြီး



အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသခြင်း၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု၊ တယ်လီဗေးရှင်းဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ရောဂါရှာဖွေစစ်ဆေးမှုနှင့်ကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးသွားမည်ဖြစ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သန်လျင်ခရိုင်အတွင်းပိုးသတ်ဆေး တားမြစ်သုံးစွဲခြင်းဆိုင်ရာ အသိပေးရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၂**

သန်လျင်ခရိုင်အတွင်း သိုင်ယာမီသိုဖမ်နှင့် ကလိုသီယာနီဒင် ပိုးသတ်ဆေး တားမြစ်သုံးစွဲခြင်း



ဆိုင်ရာ အသိပေးရှင်းလင်းပွဲကို ယမန်နေ့က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းကိုက အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါက်တာဝင်းသန်းက ပိုးသတ်ဆေးဥပဒေ အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သန်လျင်ခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများက တားမြစ်ပိုးသတ်ဆေး ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှုကို ရှင်းလင်းတင်ပြသည်။

**သန်းဝင်း(သန်လျင်)**



## လားရှိုးခရိုင်၌ ဒေသဖွံ့ဖြိုးရေး နှစ် ၂၀ စီမံကိန်း လျာထားဆောင်ရွက်

**လားရှိုး ဩဂုတ် ၂၂**

လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအောက်ရှိ လားရှိုး ၊သိန္နီ၊ ကွမ်းလုံမြို့နယ်တို့၏ နှစ်၂၀ စီမံကိန်း (၂၀၂၆-၂၀၂၇မှ ၂၀၄၅-၂၀၄၆ ဘဏ္ဍာနှစ်အထိ) ဒေသဖွံ့ဖြိုးရေး စီမံကိန်းလျာထားခြင်းဆိုင်ရာ ဆွေးနွေးပေါင်းစပ်ခြင်း အခမ်းအနားကို ယနေ့တွင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ပြုလုပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဆွေက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က စီမံကိန်းဆိုင်ရာအကြောင်းအရာများ ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးများက စီမံကိန်းလျာထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ရွှေကျင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းပို့ချ

**ရွှေကျင် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ မြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေ အသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း(၁/၂၀၂၆) ကို ရှမ်းကြေးရပ်ကွက် အမကလွန် ရှမ်းကြေးကျောင်း၌ ယမန်နေ့က ကျင်းပရာ ဆရာဖြစ်သင်တန်း (TOT) တက်ရောက်ခဲ့ကြသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ရပ်ကွက်/ကျေးရွာအုပ်စုများတွင် နေထိုင်သော ပြည်သူများ တရားဥပဒေစိုးမိုးရရှိရေး၊ ဥပဒေအသိပညာရရှိစေရေး၊ ဥပဒေအကာအကွယ် အညီအမျှရရှိစေရေးအတွက် ရည်ရွယ်၍ ဆင့်ပွားသင်တန်းကို ထပ်ဆင့်ပို့ချပေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး စုပေါင်းမြေသြဇာကြဲပက်

**သာယာဝတီ ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မိုးစပါးအထွက်နှုန်းထွက်ရှိရေး စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲကို သင်တောရိုးကျေးရွာအုပ်စုရှိ ရေဆင်းပေါ်ဆန်းဧက ၁၀၀ စံပြစိုက်ခင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟို၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြပြီး ယူရီးယားဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာကို တစ်အချိုးသုံးဖြင့်ရောစပ်ပြီး စပါးခင်းများအတွင်းသို့ ဓာတ်မြေသြဇာများကို စုပေါင်းကြဲပက်ခဲ့ကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**



## ဧရာဝတီတိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



မအူပင် ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးသည် မအူပင်မြို့ရှိ အသေးစား၊ အလတ်စား၊ စက်မှုလက်မှု(MSME)လုပ်ငန်းရှင်များနှင့် ဩဂုတ် ၂၀ ရက်က ပြည်သူ့ဆောက်လုပ်ရေးရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်းက မအူပင်မြို့နယ်အတွင်းရှိ အသေးစား၊ အလတ်စား၊ စက်မှုလက်မှု(MSME)လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်း အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးက MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေစေရန်၊ လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပိုမိုသိရှိနားလည်လာစေရန် ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ အသေးစား၊ အလတ်စား၊ စက်မှုလက်မှု(MSME)လုပ်ငန်း ၁၁ ခုမှ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး သိရှိလိုသည်များ မေးမြန်းတင်ပြရာ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပွဲ ကျင်းပ

ပခုက္ကူ ဩဂုတ် ၂၂

ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကိုဩဂုတ် ၂၀ ရက်ကပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။




ထို့နောက် စာစီစာကုံးပြိုင်ပွဲ (အထက်တန်းအဆင့်)နှင့် ကျပန်းစကားပြောပြိုင်ပွဲ (အလယ်တန်းအဆင့်)တွင် ဆုရရှိသူများ၊ အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် အခြေခံပညာကျောင်း ရှစ်ကျောင်းရှိ ကျောင်းစာကြည့်တိုက်များအတွက် သုတရသစာအုပ်စာစောင်များကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး သုတရသဆိုင်ရာ စာအုပ် စာစောင်များ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံနှင့် အသိပညာပေးနံရံကပ်ပြဘုတ်များကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာ၌ ပြည့်အားမာန်မွေး/ထွေသမအသင်း အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေး

ကျိုက်ထို ဩဂုတ် ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာ၌ ပြည့်အားမာန် မွေး/ထွေ သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၀ ရက်က မြို့နယ်သမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည့်အားမာန်(မွေး/ထွေ)အသင်းဥက္ကဋ္ဌ(သဘာပတိ) ဦးအောင်သန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးတို့က အမှာစကားပြောကြားပြီး အသင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ပြည့်အားမာန်(မွေး/ထွေ)သမအသင်းလီမိတက် အသင်း၏အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် အသင်းသားစာရင်းစစ်အဖွဲ့ အစီရင်ခံစာများကို ဖတ်ကြားတင်ပြပြီး အသင်းသားများအား အစုပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး



ပဲခူး ဩဂုတ် ၂၂

KG နှင့် G-1 ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်း အစီအစဉ်ကို ဩဂုတ် ၂၀ ရက်က ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အာဟာရပြည့်ဝသော အစားအစာများကို စနစ်တကျကျွေးမွေးပြီး ကလေးငယ်များ၏ ကျန်းမာရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ပြိုင်နက်တည်း အထောက်အကူပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ဒိုက်ဦး ဩဂုတ် ၂၂

ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးအစီအစဉ်ဖြင့် ထုတ်ပေးခြင်းလုပ်ငန်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဩဂုတ် ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ ဖောင်တော်သီကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။



**စိုးထက်ကျော်(ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ကျင်းပ

ရွှေပြည်သာ ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၂၀ ရက်က အမှတ်(၇)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရဲဆွေလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဇော်အောင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် အာဟာရအုပ်စုများအကြောင်း ပြောကြားကာ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအား ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ ကြက်ဥနှင့် အာဟာရများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ချောင်းဆုံ ဩဂုတ် ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဩဂုတ် ၁၉ ရက်က တောင်စွန်း(မူလွန်)ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးခြင်း၊ တိုင်းရင်းဆေးအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဆောင်ရွက်ခဲ့သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးနှင့် ပတ်သက်၍ ဟောပြောပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးအေးမော်က တိုင်းရင်းဆေးပညာအကြောင်း ဟောပြောကာ ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးဦးက စာဖတ်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



## စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သထုံ)၌ အသိပညာပေးဟောပြော

သထုံ ဩဂုတ် ၂၂

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ)ကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ စူပါအယ်လ်နီညို ကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဟိန်းဇော်က စူပါအယ်လ်နီညိုအကြောင်းနှင့် နောက်ဆက်တွဲဖြစ်ပေါ်တတ်သည့် သဘာဝဘေးဖြစ်စဉ်များ၊ အပူချိန်မြင့်မားလာမှုနှင့် မီးဘေးအန္တရာယ်များ၊ တောမီးနှင့် အခြားမီးလောင်မှုတို့ကြောင့်ဖြစ်ပွားသည့် မီးခိုးမြူငွေ့ အန္တရာယ်များ၊ ကြိုတင်သတိပြုကာကွယ်သင့်သည့် ဆောင်ရန်/ရှောင်ရန် အချက်များကို ဆွေးနွေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေး၍ အသက်မွေးဝမ်းကျောင်းလိုအပ်ချက် ဆန်းစစ်

**ချောင်းဆုံ ဩဂုတ် ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်း ပညာလိုအပ်ချက်များ ဆန်းစစ်စီမံခြင်းကို ဩဂုတ် ၁၉ ရက်က တောင်စွန်းကျေးရွာအုပ်စု မုနိုင်းကျေးရွာခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးမျိုးမင်းလှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းနှင့် တာဝန်ရှိသူများက ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ အသိပညာပေးခြင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့် နည်းဥပဒေများပါ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း



ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တိုင်းရင်းသားစာပေသင်ကြားရေး အထောက်အကူပြု ဆရာ ဆရာမ ခန့်ထားခြင်း၊ အမျိုးသမီးမသန်စွမ်း၊ ကလေးသူငယ်အခွင့်အရေးများ၊ လူငယ်ရေးရာမူဝါဒ၊ လူမှုရေးရာပင်စင်ဆိုင်ရာများ၊ နိုင်ငံသားအခွင့်အရေးဆိုင်ရာတိုင်းရင်းသားလူမျိုးများ၏ အမည်ရှေ့တွင် ဝိသေသရှေ့ဆောင်စကားလုံးများ ပါဝင်ရေးသွင်းနိုင်ရေးဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေးပြီး ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးချစ်သိန်းက လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကျော်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အစီအစဉ်တွင် ဒေသခံတိုင်းရင်းသား ၈၀ တို့က စစ်တမ်းမေးခွန်းလွှာများ ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## မအူပင်မြို့၌ မိုးရာသီ တစ်ရွာနှစ်ကေ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မအူပင် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မိုးရာသီ တစ်ရွာနှစ်ကေ သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၀ ရက်က ညောင်ဝိုင်းကျေးရွာအုပ်စုရှိ မအူပင်စက်မှုဇုန်ဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးကျော်နှင့် တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် မအူပင်စက်မှုဇုန်



တာဝန်ရှိသူများအား ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ခရေ၊ မဟော်ဂနီ၊ စိန်ပန်းပျိုးပင်များ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး စည်ပင်သာယာ ရေးဝန်ကြီးက ဦးဆောင်၍ သတ်မှတ်နေရာအလိုက် တစ်ကေလျှင် အပင် ၃၀၀ ဖြင့် စုစုပေါင်းနှစ်ကေ အပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**



## ပျဉ်းမနားမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ပျဉ်းမနား ဩဂုတ် ၂၂**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၉ ရက်က ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ ဦးစီးမှူးများက သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီးမော်လမြိုင်ကျွန်းမြို့နယ်၌ ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၁၉ ရက်ကကျွဲခြံချောင်းဖျားကျေးရွာရှိ တောင်သူဦးမျိုးကို၏ လယ်မြေကွင်းအမှတ် (၁၃၁၁) ၌ ကျင်းပရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်



ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ တောင်သူများက သတ်မှတ်ထားသည့် လယ်မြေတွင် မိုးစပါးစိုက်ပျိုးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးရာသီအတွက် ရေတော်မိုးတော်မိုးစပါးစိုက်ပျိုးခြင်းလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက မြို့နယ်အတွင်း ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၂၅၂၀၄၃ ဧကရှိပြီး ဩဂုတ် ၁၉ ရက်အထိ ရေတော်မိုးတော်မိုးစပါး ၂၃၅၆၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် စုစုပေါင်းလျာထားဧက၏ ၉၃ ဒသမ ၄၆ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

**ဘီးလင်း ဩဂုတ် ၂၂**

ဘီးလင်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်က အထက (ရွှေလေ့)ကျောင်း၌ ကျင်းပရာ အထက(ရွှေလေ့)ကျောင်းမှ တာဝန်ခံဆရာကြီး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အိသန္တာအောင်က လူကုန်ကူးမှုအကြောင်း အသိပညာပေး ဟောပြောသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်း ဆောင်ရွက်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူ လေးဦးက "လူငယ်နှင့် စာဖတ်ခြင်း"၊ "လူငယ်နှင့် အင်တာနက်"၊ "လူမျိုးမြင့်ဖို့ စာဖတ်စို့"၊ "လူငယ်နှင့်ဖွဲ့" စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ငူမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ U-14 ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**တောင်ငူ ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၆–၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ U–14 ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၇ ရက်က ခရိုင်အားကစားကွင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ကိုယ်ပိုင်ကျောင်း(က) အသင်းနှင့် နတ်စင်ကုန်းအုပ်စု(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားရာ နတ်စင်ကုန်းအုပ်စု(ခ)အသင်းမှ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် အဆိုပါဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၆ ရက်အထိ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းမှ အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မုဒုံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**မုဒုံ ဩဂုတ် ၂၂**

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဩဂုတ် ၁၈ ရက်က အထက(၁)ကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကျောင်းသား လူငယ်များ ကာယ၊ ဉာဏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို စတင်ဆွေးနွေးပြီး အသိပညာပေး နံရံကပ်ပိုစတာများ၊ စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ရာမညဲ(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ် (Federation of MLCA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့်**
**စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်** စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(IUCO)**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-တရုတ်ဗုဒ္ဓဘာသာချစ်ကြည်နီးနှောဖလှယ်ရေးအဖွဲ့ (MCBFEA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၀**

ဒေါ်အေးရှုပါထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဝင်းစိန်) **(တရားလို)** နှင့် ၁။ ဦးတင့်ဆွေ ၂။ ဒေါ်အေးအေးသိန်း **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၂ ရပ်ကွက်၊ ၄ လမ်း၊ တိုက်-၅၈၊ အခန်း ၇ နေ ဦးတင့်ဆွေ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှု၌စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်ဖုန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပဲခူးမြို့နယ်တရားရုံး**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၅**

မအိမ့်မျက်ချယ် (တရားလို) နှင့် ၁။ မပန်းအိဖြူ(ခ)မိုနီကာ ၂။ ဒေါ်သန်းငွေ (တရားပြိုင်များ)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ဟသ်ာကုန်း(၁၉) ရပ်ကွက်၊ ဟသ်ာကုန်း (၁)လမ်း၊ အမှတ်(၁၆၇)နေ တရားပြိုင်များဖြစ်သော ၁။ မပန်းအိဖြူ (ခ) မိုနီကာ ၂။ဒေါ်သန်းငွေ (ယခုနေရပ်လိပ်စာမသိသူတို့)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ငွေ-၃၉၀၂၀၀၀၀/-) - (ကျပ်သိန်းသုံးရာ့ကိုးဆယ်နှစ်သောင်းတိတိ) ရလိုကြောင်း" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၇)ရက် (၁၃၈၈ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက် မွန်းမတည့်မီ ၁၀ နာရီ) တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင်သင်တို့၏ မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူလာရမည်။ သို့မဟုတ် သင်တို့ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ( ၁၇ )ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းမျိုးညွန့်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပဲခူးမြို့နယ်တရားရုံး**

**သင့်စီးပွားရေးလုပ်ငန်းများ**
**အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင်**
**ကြော်ငြာစို့**

### ဖခင်အမည်မှန်

သရက်မြို့ အ.ထ.က(၁) Grade -12(C) မှ မောင်လွှမ်းထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၈/သရန (နိုင်) ၁၇၂၃၁၇ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**

## အမည်မှန်

အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း Grade-5 မှ (ဘ) ဦးနေမျိုးသူရိန် ၏သမီး မသီရိပုံ အမည်ဖြင့် ကျောင်းဝင်အမှတ်တွင် ပါရှိခဲ့ပြီး အမည်မှန်မှာ မမေသန္တာထက်(ခ)TINA ဖြစ်ပါကြောင်း။

**မမေသန္တာထက်(ခ)TINA**

## ဖခင်အမည်မှန်

အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း Grade-6 မှ မမေသုတစံ၏ ဖခင်အမည်မှာ ဦးအောင်နိုင်ဦးအမည်ဖြင့် ကျောင်းဝင်အမှတ်တွင် ပါရှိခဲ့ပြီး ဖခင်အမည်မှန်မှာ ဦးအောင်ခိုင်ဦး ၉/ညဥန(နိုင်)၀၇၄၂၉၈ ဖြစ်ပါကြောင်း။

**ဦးအောင်ခိုင်ဦး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အထက(၂) အင်းစိန်၊ G(12)မှ မဆန်းသော်တာလင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဒိ(ပ်) ၅/ရဘန(နိုင်) ၁၃၀၅၈၉ ဖြစ်ပါကြောင်း။

**ဦးဆန်းဒိ(ပ်)**
**၅/ရဘန(နိုင်)၁၃၀၅၈၉**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အ-ထ-ကခွဲ (ပေါက်တန်း) Grade-12 တွင် ပညာသင်ယူလျက်ရှိသည့် မဇင်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းအောင်၊ ၇/ပတတ(နိုင်)၁၀၀၅၁၆ ဖြစ်ပါကြောင်း။

**ဦးတင်ဝင်းအောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၃ ရပ်ကွက်၊ အကွက်အမှတ် င-၂၊ ဦးပိုင်အမှတ် ၁၆၈/၆၂x၆၄ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းသော်တာထွေး ၁၄/ဘကလ(နိုင်)၁၅၀၀၂၃က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်မှန်

(ဘ) ဦးဟန်မျိုးကျော်၏သား မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အထက-လွန်တောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်ဘုန်းဝေလျှံကျော်၏ မွေးသက္ကရာဇ်အမှန်မှာ (၆-၂-၂၀၁၄) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(ငါးပါးသီလစာသင်ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၅၁၈)၊ ဧရိယာ၊ (၀.၀၆၈)ဧက၊ မြေငှားဂရန်အမှတ်တွဲအမှတ်၊ ၁၂၅-၅/၂၀၂၆-၂၀၂၇၊ ဒေါ်ရန်ကြူလျှင်၊ ၁၃/လရန(နိုင်)၀၇၇၃၆၂ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဒေါ်ရန်ကြူလျှင်မှ စာချုပ်အမှတ်(၂၄၆I/၂၀၂၆)ဖြင့် ဦးရန်ဖူဆင် ၁၃/လရန(နိုင်)၀၇၆၈၇၁ သို့ ရောင်းချပေးပြီးဖြစ်၍ ဦးရန်ဖူဆင်အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးရန်ဖူဆင် အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/89642, Nulang 110 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်တင် ၁၄/ပသန(နိုင်) ၀၅၃၅၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ရေကြည်ရပ်ကွက်၊ ၈၆ လမ်း၊ ၂၅x၂၆လမ်းကြားတွင် နေထိုင်သူ ဒေါ်မေမြတ်သူ (ဘ) ဦးအောင်မျိုးသန်း ၅/ဖပန(နိုင်)၀၅၁၄၈၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမြတ်သူက မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၂)၊ အိမ်အမှတ်(၇၃)၊ ၅၈ လမ်း၊ ၁၁၆ လမ်းနှင့် ၁၁၇ လမ်း (ကျန်စစ်သားလမ်း)ကြားတွင် "Perfect Beauty Salon" အမည်ဖြင့် ဆံပင်၊ မိတ်ကပ်၊ အလှပြင်ဆိုင် (Perfect Beauty Salon) အား ဖွင့်လှစ်လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပါသည်။ ဒေါ်မေမြတ်သူ၏ အမည်ဂုဏ်သိက္ခာ ကို လည်းကောင်း၊ ဒေါ်မေမြတ်သူ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော Perfect Beauty Salonဆိုင် ကိုသော် လည်းကောင်း၊ လူအများထင်ယောင်ထင်မှားဖြစ်စေရန် အင်တာနက်လူမှုကွန်ရက်ပေါ်နှင့် အခြား Social Media များပေါ်တွင် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော စာသားများ မမှန်မကန်ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်း၊ Facebook, TikTok, Telegram, YouTube များမှတစ်ဆင့် ဆိုင်နာမည်ကျဆင်းစေရန် ခွင့်ပြုချက်မရှိဘဲ ဆိုင်၏ပုံများကို ကူးယူတင်ခြင်း၊ မဟုတ်မမှန် လုပ်ကြံဖန်တီးခြင်း ဖော်ပြခြင်းများပြုလုပ်ခြင်းတို့ ကြောင့် ကျွန်ုပ်၏ မိတ်ဆွေနှင့် ၎င်း၏ Perfect Beauty Salon ဆိုင်အပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန် လုပ်ကြံဖန်တီးပြောဆို တိုက်ခိုက်ခြင်း၊ စွပ်စွဲခြင်းများကိုဖြစ်စေ၊ ထိခိုက် နစ်နာစေမှုများကို ပြုလုပ်နေသော မည်သူကိုမဆို ကျွန်ုပ်မိတ်ဆွေ ဒေါ်မေမြတ်သူမှ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်မေမြတ်သူနှင့်မသက်ဆိုင်သော Account အတုများနှင့်ပတ်သက်၍ စီးပွားရေး၊ လူမှုရေး၊ ငွေကြေးအရှုပ်အရှင်းများ၊ တစ်ခြားသော မည်သည့်ပြဿနာများကိုမျှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မေမြတ်သူမှ တာဝန်ယူဆောင်ရွက်ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **ဒေါ်မေမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မေမြတ်သူ (ဘ)** | **ဒေါ်လွင်လွင်မြင့် (LL.B), DE(MUFL)** |
| **ဦးအောင်မျိုးသန်း** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၃၂၂ )** |
| **၅/ဖပန(နိုင်)၀၅၁၄၈၅** | **၁၁လမ်း၊ ၈၆ x ၈၇ လမ်းကြား၊ အကွက်** |
| **၈၆ လမ်း၊ ၂၅x၂၆ လမ်းကြား၊** | **(၆၈/က)၊ကြံခင်းရပ်၊ပြည်ကြီးရန်လုံရပ်ကွက်၊** |
| **ရေကြည်ရပ်ကွက်၊ အောင်မြေ** | **အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့** |
| **သာစံမြို့နယ်၊ မန္တလေးမြို့** | **ဖုန်း ၀၉-၄၀၂၅၈၀၁၁၄၊ ၀၉-၄၂၄၂၉၄၄၃** |

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ (၃) လွှာ၊ အမှတ် (၁၄၁/၁၄၅) တွင် ရုံးခန်းဖွင့်လှစ်ထားသော **FIABCI MYANMAR INTERNATIONAL REAL ESTATE ASSOCIATION YANGON REGION INCORPORATED** သည် **"A Globally Recognized Professional Association, Duly Formed and Registered under the Laws of Myanmar"** အဖြစ် အသင်းမှတ်ပုံတင်အမှတ် **၁၁၉၆၁၄၁၁၁** ဖြင့် (၂၈-၃-၂၀၁၉) ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် တရားဝင်အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

FIABCI-MYANMAR

INTERNATIONAL REAL ESTATE FEDERATION

(Yangon Region)

ထို့အပြင် ၂၀၁၉ ခုနှစ်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ **FIABCI MYANMAR YANGON REGION** ၏ အမည်နှင့် အမှတ်တံဆိပ်အား မူပိုင်ခွင့်ဦးစီးဌာန (IPD) တွင်လည်း တရားဝင်လျှောက်ထားပြီး ဖြစ်ပါသည်။

**FIABCI** သည် **The International Real Estate Federation** ဖြစ်ပြီး ၁၉၅၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ စတင်တည်ထောင်ခဲ့သော နိုင်ငံတကာအိမ်ခြံမြေအဖွဲ့ချုပ်တစ်ရပ် ဖြစ်ပါသည်။ နိုင်ငံပေါင်း ၆၀ ကျော်မှ အိမ်ခြံမြေလုပ်ငန်းနှင့် သက်ဆိုင်သော ကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများကို ကိုယ်စားပြု၍ နိုင်ငံတကာအဆင့်တွင် အိမ်ခြံမြေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အဖွဲ့ချုပ်ကြီးတစ်ရပ်လည်း ဖြစ်ပါသည်။

**FIABCI MYANMAR Yangon Region** သည် ၂၀၁၉ ခုနှစ်မှစတင်၍ ယနေ့ ၂၀၂၆ ခုနှစ်အထိ အမှုဆောင် ဒါရိုက်တာများ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရှိ အိမ်ခြံမြေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များ၏ အရည်အသွေးမြှင့်တင်ရေးတို့အတွက် ကမ္ဘာ့အဆင့်မီ အိမ်ခြံမြေဆိုင်ရာ ကျွမ်းကျင်သင်တန်းများနှင့် အသိပညာပေးအစီအစဉ်များကို စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ (Professional Developers)၊ ရင်းနှီးမြှုပ်နှံသူများ (Investors)၊ အိမ်ခြံမြေတန်ဖိုးဖြတ်ကျွမ်းကျင်သူများ (Valuers)၊ အတိုင်ပင်ခံများ (Consultants)၊ အကြံပေးပညာရှင်များ (Advisors)၊ ဥပဒေပညာရှင်များ (Lawyers)၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ (Contractors) နှင့် အိမ်ခြံမြေအကျိုးဆောင်များ (Estate Agents) အပါအဝင် အိမ်ခြံမြေလုပ်ငန်းနှင့် ဆက်စပ်သည့် ကျွမ်းကျင်ပညာရှင်များ စုစည်းပါဝင်၍ အိမ်ခြံမြေလုပ်ငန်းကဏ္ဍ တိုးတက်ကောင်းမွန်စေရန် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသင်းတစ်ရပ် ဖြစ်ပါသည်။

**FIABCI MYANMAR YANGON REGION** သည် မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့်သာမက နိုင်ငံတကာရှိ အိမ်ခြံမြေလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့်လည်း ဆက်သွယ်ပူးပေါင်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ အတွေ့အကြုံ၊ အသိပညာနှင့် ကျွမ်းကျင်မှုများ ဖလှယ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် **FIABCI MYANMAR INTERNATIONAL REAL ESTATE ASSOCIATION YANGON REGION INCORPORATED** သည် ၂၀၁၉ ခုနှစ်မှစတင်၍ ယနေ့ ၂၀၂၆ ခုနှစ်အထိ မြန်မာနိုင်ငံတွင် တရားဝင်ရပ်တည်၍ အိမ်ခြံမြေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များ၏ အရည်အသွေးမြှင့်တင်ရေးတို့အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့ တစ်ရပ်ဖြစ်ကြောင်းနှင့် ကောင်းမွန်သော ဂုဏ်သတင်းနှင့် ယုံကြည်စိတ်ချရမှုတို့ဖြင့် ရပ်တည်လျက်ရှိကြောင်း အများပြည်သူ သိရှိနိုင်စေရန် အသိပေးကြေညာအပ်ပါသည်။

**FIABCI MYANMAR INTERNATIONAL REAL ESTATE ASSOCIATION YANGON REGION INCORPORATED** ၏

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဒေါ်တင်ဥမ္မာထွန်း (စဉ်-၂၂၀၇) | ဒေါ်တင်သီရိအောင် (စဉ်-၁၅၇၁၄) | ဒေါ်ကြည်ကြည်နိုင် (စဉ်-၁၆၃၆၂) |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

အခန်း (၃၀၅)၊ ကွန်ဒို (A)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၂၆၅၀၀၈၈၃၃

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၅+၆+၇ တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၈၉)၊ ဧရိယာ (၀.၂၀၄)ဧကရှိ မြေငှားဂရန်အမှတ်တွဲအမှတ်၊ ၀၉၉-၅/၂၀၂၁-၂၀၂၂၊ ဦးကျောက်တဲ့လုံ ၁၃/လရန(နိုင်)၂၂၅၉၃၉ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်၏ ဧရိယာ(၀.၂၀၄)ဧကအနက်မှ ဧရိယာ (၀.၁၁၂)ဧကအား ဦးကျောက်တဲ့လုံ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သီတာစိုး ၁၃/လရန(နိုင်)၀၇၉၂၉မှ စာချုပ်အမှတ် (၇၉IV/၂၀၂၆)ဖြင့် ဦးလန်ဇူအိန်း ၁၃/တမည(နိုင်)၀၁၃၁၄၄ သို့လည်းကောင်း၊ ဧရိယာ (၀.၀၉၂)ဧကအား စာချုပ်အမှတ်(၇၈I/၂၀၂၆) ဖြင့် ဒေါ်အငယ်လေး ၁၃/လရန(နိုင်)၂၃၇၉၈သို့ လည်းကောင်း ရောင်းချပေးပြီးဖြစ်၍ ဦးလန်ဇူအိန်း၊ ဒေါ်အငယ်လေးအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးလန်ဇူအိန်း၊ ဒေါ်အငယ်လေးအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ လားရှိုးကြီးရပ်ကွက်၊ နယ်မြေ(၆)၊ အကွက်အမှတ်(၂၇/တရုတ်ဈေးတန်း)၊ ဦးပိုင်(၁၀၁)၊ ဧရိယာ (၀.၂၁၈) ဧက၊ မြေငှားဂရန်အမှတ်တွဲအမှတ် ၇၆-၅/၁၉၉၉-၂၀၀၀(အေ)၊ ဦးရှောက်ချို(ခ)ရှောက်ရှိုး၊ ၁၃/လရန(နိုင်)၀၆၁၄၀၄ အမည်ပေါက်မြေကွက်အား ဦးရှောက်ချို(ခ)ရှောက်ရှိုးကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သည့် ဒေါ်ရှောက်မေ ၁၃/လရန(နိုင်)၀၆၂၁၉၂၊ ဦးရှောက်ကျား ၁၃/လရန(နိုင်)၀၀၃၆၈၃၊ ဒေါ်နန်းငွေထွန်း ၁၃/လရန(နိုင်)၀၃၅၉၃၀ တို့မှ စာချုပ်အမှတ် (၅၅၅I/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ပြီး မူလဧရိယာ(၀.၂၁၈)ဧကအနက် ဧရိယာ(၀.၁၂၉)ဧကအား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ရောင်းဝယ်စာချုပ်အမှတ်(၅၀I/၂၀၂၄)ဖြင့် ဦးရန်ပေါင် ၁၃/တယန(နိုင်)၁၄၄၅၂၀ သို့ ရောင်းချပေးပြီးဖြစ်၍ ဦးရန်ပေါင်မှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးရန်ပေါင်၏ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့ ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၊ (၁၅)ရပ်ကွက် ၊ မြိတ်လမ်းမ ၊ အင်းဝအိမ်ရာ ၊ တိုက်အမှတ်(၁၇) ၊ အခန်းအမှတ် (၃၀၂) ၊ (၂)ခန်းတွဲ (၄)ထပ်တိုက် ၏ (တတိယထပ်) ၊ ဧရိယာအကျယ်အဝန်း (၁၁၇၅)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တိုက်ခန်း၏ မူလပိုင်ရှင် ဦးအေးကို (၉/မနတ(နိုင်)၀၈၃၄၄၀) အမှတ်(3 / ၆၀၉၂)၊ မြရွှေဝါ (၃)လမ်း ၊ ထန်းတပင် VIP ရပ်ကွက် ၊ နေပြည်တော်နေသူမှ အထူးကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးအောင်သန်းဦး(ဘ) ဦးသန်းမောင် (၁၂/မရက(နိုင်)၀၅၈၅၀၈)က မိမိတရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အတွက် ဒေါ်စုစုလှိုင် (၁၃/လရန(နိုင်)၁၀၆၂၅၀)က အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုလှိုင် ၁၃/လရန(နိုင်)၁၀၆၂၅၀၊ ဖုန်း-၀၉- ၇၅၃၁၃၃၆၆၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/37062, Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ထက် ၂/လကန(နိုင်) ၀၇၂၀၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/71830, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ နော်ဆဲခူဖေါ ၂/ဖဆန(နိုင်) ၀၀၅၅၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4S/1114, Changan-CS 75, Plus, S/W(4X2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ညဏ်ဟိန်း ၉/ခအဇ(နိုင်)၀၂၄၀၀၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# အသင်းဝင်သက်တမ်းတိုးမြှင့်ရေး ဆောင်ရွက်ကြပါရန် အကြောင်းကြားခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(သတ္တမ) သက်တမ်း အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲအား မကြာမီကျင်းပတော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်း၊ ရွေးချယ်ခံခြင်းများကို အသင်းဝင်သက်တမ်း ရှိသူများသာ ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။ အသင်းတွင် အသင်းသားအဖြစ် ဆက်လက်ပါဝင်လိုသူများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံလိုသူများ၊ ဆန္ဒမဲပေးလိုသူများသည် မိမိတို့၏ အသင်းဝင်သက်တမ်းကို ပြန်လည်စိစစ်ပြီး သက်တမ်းကုန်ဆုံးနေပါက အချိန်မီသက်တမ်းတိုး ဆောင်ရွက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## အများသိရှိစေရန် ကြေညာခြင်း

လှိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၅၂/ဟော်ကြီးတောင်)၊ ဦးပိုင်အမှတ်(၁၀၈)၊ မြေကွက်အမှတ်(119)၊ ဧရိယာ(၀.၂၉၂)ဧကရှိ မြေကွက်အား ဦးသူရိန်ဦး(ဘ)ဦးကျော်စိန်၊ ၁၂/မဂတ(နိုင်)၀၀၂၆၉၉ အမည်ဖြင့် လူနေထိုင်ရန်အတွက် မြေငှားဂရန်အသစ်ရရှိရေးလျှောက်ထားလာခြင်းအပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည် ။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လှိုင်ကော်ခရိုင်-လှိုင်ကော်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်လင်မြို့နယ်၊ အထက (မိုင်းပွန်) မှ အထက်တန်းပြ ဆရာမ ဒေါ်ခင်လေးရှိန် ၁၃/လလန(နိုင်)၀၉၃၆၀၈ ၏ ဖခင် ဦးဝမ်းရှိန်(ခ)ဦးဝိုင်းရှိန် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝမ်းရှိန်(ခ)ဦးဝိုင်းရှိန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၆၈၄၊ သန်လျင်မြောက်ကွင်း)၊ ဦးပိုင်အမှတ်(၃၇/ဃ)၊ ဧရိယာ(၅.၁၀)ဧက အကျယ်ရှိ ဦးတင်ဝင်း အမည်ပေါက်မြေကွက်အနက်မှ မြေကွက်အမှတ်(၁၆)၊ အလျား x အနံ ပေ(၄၀ x ၆၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးနိုင်ဝင်း (၁၂/မရက(နိုင်)၀၁၈၇၂၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းနိုင် (၅/ဟမလ(နိုင်)၁၁၃၁၇၃)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဇာနည် | ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် | ဒေါ်ခင်သီတာမြင့်အောင် |
| (LL.B, DBL, DIPL, DIL)( စဉ်-၁၄၆၆၈) | (LL.B,DIPL)(စဉ်-၁၈၇၂၆) | (LL.B,DBL)(စဉ်-၂၀၀၇၈) |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( ဆိပ်ကမ်း )မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၅၁ )၊မြေကွက်အမှတ်( ၁၉၃၂ )၊အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ )ရှိ ဦးစိန်ဝင်း( MYG-၁၁၉၃၅၆ )အမည်ပေါက်ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ဆုလဲ့ဖြူစင် (၁၂/ဒဂတ(နိုင်)၁၀၇၆၈၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

**ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ အကွက်အမှတ်-၇/က(မြောက်တံခါး)၊ ဦးပိုင်အမှတ်-၂၈/၆၊ ဧရိယာ (၀.၁၂၁)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်တင် အမည်ပေါက် ဘိုး/ဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စုစံငြိမ်း(ဘ)ဦးခင်မောင်တင် ၅/စကန(နိုင်)၂၆၈၇၉၅နှင့် ဦးရဲဝင်း(ဘ)ဦးခင်မောင်တင် ၅/စကန(နိုင်)၂၇၅၁၃၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇာဖြူ(ဘ)ဦးအုန်းမြင့် ၅/စကန(နိုင်)၁၇၈၁၅၀က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်လှိုင်မြင့်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၅၉)**
**အမှတ်(၁၃၉) ၊ နယ်မြေ(၁)၊ တကောင်းဗျည်းရပ်၊ စစ်ကိုင်းမြို့၊**
**ဖုန်း-၀၉-၄၂၃၇၂၀၁၂၀**

## အမည်ပြောင်း

(ဘ) ဦးဇော်မျိုးအောင် ၏ သား ကြံခင်းမြို့နယ်၊ အထက (ဘက်ရဲ) G-4 မှ မောင်တန်ဘုန်းမြတ် အား"မောင်ထက်မြက်လူ" ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**"မောင်ထက်မြက်လူ"**

## အမည်ပြောင်း

(ဘ)ဦးအောင်သန်းဝင်း ၏ သမီးဖြစ်သူ ကြံခင်းမြို့နယ်၊ အထက(ဘက်ရဲ) G-5 မှ မအိဖြူဖြူခိုင် အား "မခြူးဆစ်နေခြည်" ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခြူးဆစ်နေခြည်**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးမူဘာရပ်(၁၁/ဘသတ(ပြု)၀၀၂၃၆)မှ အမှတ်(၃၄၈/က)၊ မြို့ပတ်လမ်း၊ (၁/အနော်မာ)ရပ်ကွက်၊ သာကေတမြို့နယ်ရှိ အကျယ်အဝန်း(အလျား၁၈'x အနံ၅၄')ရှိ ၄လွှာတိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ကေခိုင်ထွန်း(၁၂/ဥကတ(နိုင်)၁၆၄၇၅၄) ထံမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်သောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးသိန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၈၆)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-09-670787228**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၂၈၊ ဦးပိုင်အမှတ် ၇၀/၃၈x၃၉ ကြား၊ ၈၁x၈၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့် ၉/မရတ(နိုင်)၁၀၆၀၃၀၊ ဒေါ်ခင်မေ ၉/မရတ(နိုင်)၁၀၆၁၂၃တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/3870 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃-က/ အပိုင်း-၃၊ ဦးပိုင်အမှတ် ၃၇-က/၃၆X၃၇လမ်းကြား၊ ရေနီမြောင်းလမ်းနှင့် ငွေတချောင်းမြောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့် ၉/မရတ(နိုင်)၀၁၉၂၈၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၁၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းထွေး ၉/မရမ(နိုင်)၀၇၄၈၄၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကလောခရိုင်၊ အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဂနာရှမ်း(၁၂/ဗဟန(ဧည့်)၀၀၀၁၇၈ နှင့် မအနီသား (၉/မကန(နိုင်)၁၂၃၉၈၂)တို့သည် လွန်ခဲ့သော(၂၀၀၈)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့သော်လည်း ယခုအခါ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် (၂၀-၈-၂၀၂၆)ရက်တွင် အသိသက်သေများရှေ့၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးဂနာရှမ်းနှင့် မအနီသား တို့သည် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်းများ အလျဉ်းမရှိတော့ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးကျော်နိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၃၉)**
**ဖုန်း - 09-694858953**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ အ.ထ.က(ခွဲ) ဝက်သချဉ် မှ Grade-7 တွင် ပညာသင်ကြားနေသော မောင်ကျော်မင်းဦး ၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဝင်း ၉/ကပတ(နိုင်)၁၆၀၇၆၅ ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25U/5321, Bajaj Re 200 (200CC), 3Wheel Vehicle (Passanger) ယာဉ်လက်ဝယ်ရှိသူ ဦးဘိုစန်း ၈/ရစက(နိုင်)၁၉၂၀၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/55390, Adixin(ADx2)Scotter 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၉/မထလ(နိုင်)၁၁၉၅၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/19868, Kenbo Wave-6. M/C ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်စိုးဟိန်း ၉/ခမစ(နိုင်)၀၆၂၆၈၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/56252, Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင့် ၁၃/နစန(နိုင်)၀၀၁၉၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/34175, Kenbo -125 ယာဉ်လက်ဝယ်ရှိသူ နော်ဂေးသမို့ ၂/လကန(နိုင်)၁၁၇၂၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ပဏ္ဍိတလမ်း၊ အမှတ် (၃ )ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၇ )၊မြေကွက်အမှတ် (၆/ခ (၉-၄-၃)၊ဧရိယာ (၀.၀၃၀)ဧကရှိ မြေပိုင်မြေ (လ/န -၃၉)၊ အိမ်ရာမြေ သတ်မှတ်ပြီး မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဒေါ်မြင့်မြင့်ဆွေ (၁၂/မဂဒ(နိုင်)၀၅၇၅၉၈) အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရာကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း ၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်ရက်မှစတင်၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ် - ၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ - ၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁-သမိုင်း၊ မြေကွက်အမှတ်-၂/ည-၂၂-၁-ခ၊ ဧရိယာ(၀.၄)ဧက မြေကွက်တည်နေရာအမှတ်-၁၄၅၊ သီရိမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ခင်စော(အေဘီ- ၀၄၁၈၃၄)(၁၂/သခန(နိုင်)၀၂၅၃၀၃)၊ အမည်ပေါက် B-မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် မိခင်ဖြစ်သူ ဒေါ်ခင်စောသည် (၂၄-၁၂-၂၀၂၁)ရက်တွင် လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးခင်မောင်ကြည်သည် (၆-၉-၂၀၁၃)ရက်တွင် လည်းကောင်းအသီးသီးကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်ခင်ကလျာကြည်(၅/ပလဘ(နိုင်)၀၄၃၆၁၅)က တစ်ဦးတည်းသော သမီးအရင်းတော်စပ်ပါကြောင်း၊ မိမိမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ကိတ္တိမသားသမီးအဖြစ်သော်လည်းကောင်း မွေးစားခဲ့ခြင်းမရှိသကဲ့သို့ အခြားသောအမွေဆိုင်တစ်ဦးတစ်ယောက်မျှ လုံးဝ(လုံးဝ)မရှိပါကြောင်း၊ မိဘများကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်အား မိမိတစ်ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ပြီး အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်-၃၃၁၂/၂၀၂၆(၉-၃-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်(၆)ရှိ ဒေါ်စန္ဒာဝင်းမှ (၁၁- ၃-၂၀၁၉)အရ ကန့်ကွက်ထားခြင်းအား ရှင်းလင်းတင်ပြရန်အတွက်အကြောင်းကြားခဲ့ရာ ကန့်ကွက်စာတင်သွင်းထားသူ ဒေါ်စန္ဒာဝင်း ဆိုသူအား လျှောက်ထားသူအနေဖြင့် လုံးဝ(လုံးဝ)သိရှိခြင်းမရှိပါကြောင်း၊ ထို့ပြင် ကန့်ကွက်စာတင်သွင်းသူသည် လျှောက်ထားသူ၏မိသားစုဝင်၊ ဆွေမျိုးတော်စပ်ခြင်းလဲမရှိ၊ မြေပြင်လက်ရောက်ပိုင်ဆိုင်မှု (သို့မဟုတ်) စာချုပ်စာတမ်းမူရင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ လက်ဝယ်ရှိသူလည်းမဟုတ်ပါကြောင်း၊ ကွယ်လွန်သူမိခင်အမည်ပေါက်ပိုင်ဆိုင်သော ယခုမြေကွက်နှင့်ပတ်သက်၍ မြေတိုင်း/အဆောက်အဦးမြေပုံကူးယူပြီး ကန်ထရိုက်တာနှင့် အခန်းပေး/အခန်းယူတိုက်ခန်း ဆောက်လုပ်ရန် ပြုလုပ်ဆောင်ရွက်ချက်မှတစ်ပါးအခြားသော ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ ပြစ်မှုကြောင်း/ တရားမ ကြောင်းအရ အမှုဖြစ်ပွားခြင်းမျိုး စသည့် မည်သို့သော အရှုပ်အရှင်းမှ လုံးဝ(လုံးဝ) ဆောင်ရွက်ထားခြင်းမရှိပါကြောင်း မြေကွက်၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့် မြေကွက်မှာလည်း မိမိ၏လက်ဝယ်ပိုင်ဆိုင်ထားပြီး မည်သူတစ်ဦးတစ်ယောက်မျှ ကျူးလွန်ခံထားရခြင်းမျိုးလည်းမရှိပါကြောင်း ကျမ်းကျိန်လွှာနှင့်တကွ ဝန်ခံကတိပြုရှင်းလင်းစာတို့တင်ပြလာပါသဖြင့် ဒေါ်ခင်ကလျာကြည်က ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ ဈေးချိုတောင်ရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ ဈေးချိုရပ် ဦးပိုင်အမှတ်(၁၆၉)၊ ဂရန်မြေဧရိယာ(၀.၀၈၈)ဧကရှိ ဦးစိုးအမည်ပေါက်ဂရန်မြေအား အမည်ပေါက် ဦးစိုးအမည်မှ (၂၇-၇-၂၀၀၆) ရက်စွဲပါ အရောင်းအဝယ်စာချုပ် အမှတ်(၄/၂၀၀၆)အရ ဦးဝင်းထွဋ် အမည်ဖြင့် ပြောင်းလဲလျှောက်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ထိုမြေနှင့်သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထွဋ်**
**၇/အဖန(နိုင်)၀၇၆၀၁၂၊**
**အရှေ့ဘုရားလမ်း၊ ကြို့ပင်ကောက်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅ ၊ နည်းဥပဒေ – ၁ နှင့် ၅ )
## မိတ္ထီလာမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၃၉

ဦးသန့်ဇင်နိုင် နှင့် ဒေါ်စုပုံချစ်
(တရားလို) (တရားပြိုင်)

မိတ္ထီလာမြို့နယ်၊နန်းတော်ကုန်းရပ်ကွက်၊ချမ်းအေးသာယာနယ်မြေ(၁)နေ တရားပြိုင် ဒေါ်စုပုံချစ်(ဘ) ဦးခင်မောင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန့်ဇင်နိုင်က "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် (၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်ဖြိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး (၄)
မိတ္ထီလာမြို့နယ်တရားရုံး

## အမည်ပြောင်း

ဦးခင်မောင်ချင်း၏ သားဖြစ်သူ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အမက(ပြည်တော်သာ) Grade–5 တွင် ပညာသင်ကြားနေသော မောင်ဖွဲ့ပြည့်အောင် အား ယနေ့မှစ၍ မောင်ဖွဲ့ထက်ညီညီ ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖွဲ့ထက်ညီညီ

## အမည်မှန်

ဦးမင်းဇော်ဦး ၏ သမီးဖြစ်သူ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် အထက(ရွှေတောင်) Grade–8 တွင် ပညာသင်ကြားနေသော မလမွန်းအိမ် ၏ အမည်မှန်မှာ မလဝန်းအိမ် ဖြစ်ပါကြောင်း။

မလဝန်းအိမ်

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ Victory Land ကိုယ်ပိုင်အထက်ကျောင်း Grade–1တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဇင်မော် ၉/မခန(နိုင်) ၂၅၂၂၄၀ ၏ သား အမည်မှန်မှာ မောင်ဘုဏ်းရောင်ဇင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၃)Grade–10တွင် ပညာသင်ကြားနေသော မဆုရတီထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၉/မခန (နိုင်)၁၄၄၆၀၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် S/5441 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၄)၊ ဈေးအကွက်၊ ဦးပိုင်အမှတ်(၁၇၅)၊ ဧရိယာ (၀.၀၅၃)ကေရှိ ဒေါ်တင်တင်မြင့် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ငှက်ပျောတန်းလမ်းနေ ဦးထွန်းလင်း(ခ)ဦးဟုတ်ပင်း၊ ဒေါ်စန်းစန်းမြင့်တို့မှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမြင့်(၁၂/သကတ(နိုင်) ၀၀၂၀၅၇)၊ ဒေါ်စန်းစန်းမြင့်(၁၂/သကတ(နိုင်)၁၁၆၀၉၄)၊ ဒေါ်လှလှမြင့် (၁၂/သကတ(နိုင်) ၁၁၆၀၉၂)၊ ဦးစိုးမြင့်(၁၂/သကတ(နိုင်)၁၁၈၄၅၅)၊ ဒေါ်ဆွေဆွေမြင့် (၁၂/သကတ(နိုင်) ၀၀၂၀၅၈) နှင့် ဦးအောင်မြင့်(၁၂/သကတ(နိုင်)၁၁၇၆၈၂)၊ ဦးထက်ပိုင်လင်း (၁၂/သကတ(နိုင်)၂၁၄၉၄၈)၊ ဦးစိုးဝေလင်း(၁၂/သကတ(နိုင်) ၁၇၈၉၃၅)တို့မှ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ တပ်ဖွဲ့လမ်း၊ မြေကွက်အမှတ်(၃၇၇/ခ)၏ မူလပိုင်ရှင်ဖြစ်သူ (ဖခင်) ဦးကျော်မြင့် (CM–006458)နှင့် (မိခင်)ဒေါ်တင်တင်ရီ (CG–044861) တို့၏ ကျန်ရစ်ခဲ့သော အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်စန္ဒာမြင့်၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်လှလှမြင့်၊ ဦးစိုးမြင့်၊ ဒေါ်ဆွေဆွေမြင့်၊ ဦးအောင်မြင့်၊ ဦးထက်ပိုင်လင်း၊ ဒေါ်ဖြိုးဝေလင်း၊ ဦးသက်နိုင်လင်း တို့သည် မောင်နှမတစ်ဦးဖြစ်သူ ဒေါ်အေးအေးမြင့်(၁၂/သကတ(နိုင်)၁၁၆၁၀၀) နှင့် တူမဖြစ်သူ ဒေါ်အေးအေးမြင့်၏သမီး မယုဝေလင်းတို့သည် ကွယ်လွန်သူ မိခင်၊ ဖခင်တို့၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာလည်းကောင်း၊ မွေးချင်းမောင်နှမတို့၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာလည်းကောင်း အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်အေးအေးမြင့်နှင့် မယုဝေလင်းတို့မှ ကျန်သည့် မိဘ၊ ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာကျဆင်းအောင် ဆောင်ရွက်လာသဖြင့် အထက်ဖော်ပြပါ လိပ်စာရှိမြေကွက်နှင့် အမွေအဖြစ်မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း ဒေါ်အေးအေးမြင့်၊ မယုဝေလင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနေမျိုးသိန်း တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၈၆)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**Ph–09–670787228**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလောမြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှု အမှတ် – ၂၃

ဒေါ်ကြူကြူမြ နှင့် ဒေါ်ဇာခြည်လှိုင်
(တရားလို) (တရားပြိုင်)

ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ အင်းပြင်ကျေးရွာနေ ဒေါ်ဇာခြည်လှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြူကြူမြက အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၃) ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် (၆) ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောနန်းထွေး)
တွဲဖက်မြို့နယ်တရားသူကြီး
ကလောမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၇)၊ ရွှေဂုဏ်(၁)လမ်း၊ မြေကွက်အမှတ် (၁၂၈/က)၊ အကျယ်အဝန်း (ပေ၂၀ xပေ၆၀)ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဘုန်းနိုင် (R/RGN–၀၀၃၅၈၆)အမည်ပေါက် မြေချပါမစ်မူရင်း၊ အဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဦးပြည့်ဖြိုးဦး(၁၂/မရက(နိုင်)၁၃၈၇၁၆)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်တော်ဦးတင်အောင်ကျော်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ– ဦးတင်အောင်ကျော် (၈/ပခက(နိုင်)၁၈၂၃၂၅)**
**ဖုန်း– ၀၉– ၄၅၄၆၆၅၆၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ–၂၊ ဦးပိုင်အမှတ် ၁၃၀/၄၇x၄၈ လမ်းကြား၊ ၁၁၂လမ်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်တင့်တင့်ကြူထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၂၄၈၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်အေး ၉/ကဆန(နိုင်)၁၅၈၀၁၈ကက သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့် စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော ဂရန်စာချုပ်မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၄၁)၊ ဦးပိုင်အမှတ် ၃၉၊ ၄၁x၄၂ ကြား၊ ၅၂လမ်း x ပြင်ဦးလွင်ကားလမ်းကြားရှိ ဗိုလ်ကြီးအောင်မြင့်ဝင်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးကူလ်ပါးဆင် ကတရားပြိုင် ဦးအောင်မြင့်ဝင်း အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေမြို့နယ် တရားရုံးတော်တရားမကြီးမှုအမှတ်(၂၅/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးကူလ်ပါးဆင် ၁/မကန(ပြု)၀၀၀၇၄၇ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/36815, Dayang –110 ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/5726, Honda Dream –125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော် (၈/မတန(နိုင်)၂၀၈၈၉၂) က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(မကွေး)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ–၂၀)
## ဟားခါးခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂

ဒေါ်ဆွန်နေဒ်န် နှင့် ၁။ ဦးဟရဲသွမ်
၂။ ဦးကျော်ငွေး
တရားလို တရားပြိုင်များ

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်၊ အိမ်အမှတ်–ပတသ/၂၆၆ (YMCA)လမ်းနေ ဦးဟရဲသွမ်၊ ဦးကျော်ငွေး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ( ၃ )ရက်၊ (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် (၆)ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ( ၂၀ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇင်လင်းသန့်)
ခရိုင်တရားသူကြီး
ဟားခါးခရိုင်တရားရုံး

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးနီကျုံး ၄/ဟခန(နိုင်) ၀၂၀၂၆၀၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ NOVA STAR ကိုယ်ပိုင် အထက်တန်းကျောင်း Grade–11 မှ မအေမလီဗျက်လှဲပါရ်၏ မွေးသက္ကရာဇ်အမှန်မှာ (၃၁–၅–၂၀၀၈) ဖြစ်ပါကြောင်း။

မအေမလီဗျက်လှဲပါရ်

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ အလက (ခွဲ) အိုးမြေတွင်းကျောင်း Grade–4 မှ မအိသန္တာကျော်နှင့် Grade–1 မှ မောင်စိုင်းဝဏ္ဏမာန်တို့၏ ဖခင်အမည်မှန်မှာ ဦးညွှန့်မင်းဦး ၇/နတလ (နိုင်)၁၉၃၇၀၆ ဖြစ်ပါကြောင်း။

ဦးညွှန့်မင်းဦး

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/6495 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထက (မြို့မ) Grade–12 တွင် ပညာသင်ကြားနေသော မောင်အောင်လင်းထိုက် ၁၂/တကန(နိုင်) ၂၆၅၆၆၆ ၏ ဖခင်အမည်မှန်မှာ ဦးဇော်သန်းထိုက် ၁၂/တကန (နိုင်)၁၄၈၁၈၄ ဖြစ်ပါကြောင်း။ ဦးဇော်သန်းထိုက်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၅၈၄၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင်ဦး ၁၀/ကမရ(နိုင်)၀၉၈၀၃၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၈၁)၊ စဉ့်အိုးဘို၊ ဦးပိုင်အမှတ်(၁၅၀)၊ ဧရိယာ(၀.၀၂၂) ကေရှိမြေအား ဦးကံမင်း အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပုသိမ်မြို့နယ်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် – ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် (၁၅၆၁)ဟုခေါ်တွင်သော အလျား x အနံ ပေ(၄၀x ၆၀)အကျယ်ရှိ ဦးသိန်းလှိုင်/ဒေါ်ခင်မေသန်း အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်မေသန်း(ဘ)ဦးရင်ဖေ(၁၂/သလန(နိုင်)၀၀၀၅၆၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးရဲကျော်ညွှန့် (ဘ) ဦးညွှန့်စိန် (၁၂/သလန(နိုင်)၀၀၆၃၄၀)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL.B, DBL, DIPL, DIL) (စဉ်–၁၄၆၆၈)** | **(LL.B, DIPL) (စဉ်–၁၈၇၂၆)** | **(LL.B, DBL) (စဉ်–၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး–အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း – ၀၉ –၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၃၊မြေကွက်အမှတ် (၈၃၂)၊ ရတနာသိင်္ဂီလမ်း၊ မြေအကျယ်အဝန်း(၀.၅၅)ကေ၊ ပေ(၄၀x၆၀)ရှိသော ဒေါ်မြသန်းအမည်ပေါက်ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုရောင်းချသူများဖြစ်သော ဒေါ်စန်းစန်းဦး (၁၂/ဥကတ(နိုင်)၁၈၆၈၀၈)၊ ဒေါ်စန်းစန်းအေး (၁၂/ဒဂမ(နိုင်)၀၀၂၁၀၁)၊ ဦးလှနိုင် (၁၂/ဒဂမ(နိုင်)၀၀၂၆၁၀)၊ ဒေါ်အေးအေးနွယ် (၁၂/ဒဂမ(နိုင်)၀၀၂၂၇၀)တို့မှ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်ကြောင်း၊ ဝန်ခံကတိပြု ပြောဆို၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထက်အောင် (၁၂/လမန(နိုင်)၀၀၀၃၉၀)၊ ဦးပြည့်ဖြိုးကျော် (၁၂/ဒဂမ(နိုင်)၀၁၀၁၃၇)တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာနည်ဝင်းထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၂၇၅)**
**အင်းစိန်ရှေ့နေများအသင်း၊ အင်းစိန်စုပေါင်းရုံးဝင်း၊ ဖုန်း–၀၉–၄၂၀၀၃၅၉၂၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၃၃)လမ်း၊ မြေကွက်အမှတ် (J/၁၈၁)ဟုခေါ်တွင်သော အလျားxအနံပေ(၄၀x၆၀)အကျယ်ရှိ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးတင်ဝင်း (၁၂/သလန(နိုင်)၀၅၇၉၉၈)အမည်ဖြင့် ချထားပေးသော (စလစ်) မြေကွက်အထဲမှ အလျားxအနံပေ(၂၀x၆၀)အကျယ်ရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ် အဆက်စပ်များဖြင့် ဝယ်ယူခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ (၁)ဦးထွန်းဝေ(ဘ)ဦးသောင်းတင် (၉/တသန(နိုင်)၁၅၀၁၇၀)၊ (၂)ဦးဖြိုးဝေလင်း (ဘ) ဦးစောဝင်း(၁၂/ခရန(နိုင်)၁၁၅၆၄၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်ဦး (ဘ)ဦးကျော်ဇံ (၁၂/ဒပန(နိုင်) ၀၁၇၀၆၅)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းတို့အား စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက မြေကွက်နှင့် ပတ်သက်သော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ကာ မြေကွက်ကိုလက်ရောက်ရယူသွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်–၂၀၀၃၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(F–၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း–၀၉–၂၅၀၀၁၂၈၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၁၀)၊ အကွက်အမည် (အိန္ဒာရပ်)၊ ဦးပိုင်အမှတ် (၆၄ᶜ)၊ ဧရိယာ (၀.၀၄၉)ကေရှိမြေအား (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ပိုးအိဇင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

ဦးစီးအရာရှိ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၄**

ဒေါ်ရင်ရင်သက် နှင့် ဒေါ်မာတင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၉၈၅နေ တရားပြိုင် ဒေါ်မာတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အမည်ပြောင်း

ကြံခင်းမြို့နယ်၊ အမက (ရွှေကျောင်း) G-3 မှ (ဘ) ဦးထက်ကိုကို ၏ သမီးဖြစ်သူ မမေပန်းချီကိုကို အား မမေသံဇဉ်ဟု ခေါ်ဆိုပါရန်။

**မမေသံဇဉ်**

## မိခင်အမည်မှန်

ကြံခင်းမြို့နယ်၊ အထက (ဘက်ရဲ) G-11(B)မှ (ဘ) ဦးထွန်းထွန်းနိုင် ၏ သမီး ဖြစ်သူ မရွှန်းလဲ့နေခြည်၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေဆွေမာ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ် ၆၀၂၊ ဦးပိုင်အမှတ် ၄၁-ခ/ ၈၃လမ်း၊ ၂၆x၂၇လမ်းကြားရှိ ဒေါ်ခင်ခင်စိန်၊ ဦးအောင်မြင့်တို့ အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်( ၂၈၆၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးမြင့်အောင်(ခ)ပေါက်ပေါက် ၉/မရမ(နိုင်)၀၃၇၁၅၀၊ ဦးရဲအောင် ၁၂/ဒပန(နိုင်)၀၁၅၂၄၁၊ ဦးအောင်အောင် ၉/မရမ(နိုင်)၀၀၁၄၁၄၊ ဦးမင်းအောင် ၉/မရမ(နိုင်)၀၀၁၄၁၅၊ ဒေါ်ဆွေဇင်အောင် ၉/မရမ(နိုင်)၀၀၁၄၁၆၊ ဒေါ်မျိုးမျိုးသန့် ၉/မနတ(နိုင်)၁၀၁၅၈၈၊ ဒေါ်မိုးမိုးသန့် ၉/မနတ(နိုင်)၁၀၁၅၈၉၊ ဒေါ်နွယ်နီအောင် ၉/အမဇ(နိုင်)၀၀၄၂၄၀ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၈၀၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်နိုင်ဦး ၉/ခအဇ(နိုင်)၀၀၂၄၀၈၈က အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ(၅)လမ်း၊ အမှတ် (၇၂၅/က) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ်(၇၂၅/က)၊ ဧရိယာ (၀.၀၂၈၅)ဧက ရှိ (၁)ဒေါ်ကြည်ကြည်ဝင်း (၁၂/တမန(နိုင်)၀၈၀၆၂၇)၊(၂) ဒေါ်မြတ်မြတ်သွင် (၁၂/တမန(နိုင်)၀၃၇၅၁၃)၊ (၃) ဒေါ်ဥမ္မာ (၁၂/တမန(နိုင်)၀၈၀၆၂၁)၊ (၄) ဒေါ်နီလာ (၁၂/တမန(နိုင်)၀၇၄၈၈၉)၊ (၅) ဦးအောင်မျိုး (၁၂/တမန(နိုင်)၀၃၇၅၁၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် အိမ်အပါအဝင် ယင်းမြေနှင့်အိမ်တို့နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမြင့်ဝင်း (၁၂/ခရန(နိုင်)၀၄၃၉၂၆) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း - ၀၉-၉၄၆၅၄၂၂၆၂ ၊ ၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် (၉၈၉/က) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ်(၉၈၉/က)၊ အကျယ်အဝန်းပေ(၂၀ x ၆၀)ရှိ ဦးအောင်မျိုး အမည်ပေါက်ပါမစ်မြေနှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် အိမ်အပါအဝင် ယင်းမြေနှင့်အိမ်တို့နှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်နီနီရှိန် (၁၂/လကန(နိုင်)၀၃၃၇၁၇) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့် ရှိကြောင်းပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီတရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း - ၀၉-၉၄၆၅၄၂၂၆၂၊ ၀၉-၄၂၁၁၂၄၈၀၇**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/5961 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၂၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၂၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၁၂-၉-၂၀၂၆ ရက် (စနေနေ့) နံနက် (၁၀း၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံ လမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ သီရိအဏ္ဏဝါခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀(၁)**

**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၉**

ဒေါ်ရီရီစိုး နှင့် ဦးတင်ရွှေ

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယု (၂)လမ်း၊ အမှတ်- (၈၅) နေ တရားပြိုင် ဦးတင်ရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

